မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၂၀)

ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရမွေးမြူ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရတစ်ခုတည်းက လုပ်ဆောင်နေ၍ မရကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများကလည်း ဦးထမ်း၊ ပဲ့ထမ်းကာ ပြည်ထောင်စုကြီးတစ်ခုလုံး တိုးတက်စေရမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးစားသွားကြရန် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ နိုင်ငံဖြစ်သဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်ထာဝရ မွေးမြူကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေ တပ်နယ်အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များအား ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

တပ်မတော်အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး အထူးအလေးပေးဆောင်ရွက်ခဲ့

အိပ်မက်ပင် မမက်ဖူးသော ရန်ကုန်-စစ်တွေကားလမ်းကို ဖွင့်လှစ်ပေးပြီးဖြစ်

ရန်ကုန်-ကျောက်ဖြူကားလမ်းကိုလည်း ငွေကြေးများစွာ ကုန်ကျခံတည်ဆောက်ပေးထား

မကြာမီ ရေဝတီအနောက်ဘက်ခြမ်းရှိ ရထားလမ်းနှင့် ဆက်သွယ်မည့် စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြား-အမ်းရထားလမ်းဖောက်လုပ်ပေးမည်

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်နှင့် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စစ်တွေလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်)

ရေသယံဇာတပစ္စည်းများ အကျိုးရှိရှိအသုံးချ ပို့ကုန်အမယ်သစ်များ တိုးမြှင့်ထုတ်လုပ်ရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံတွင် သဘာဝကပေးထားသော အမွေအနှစ်များဖြစ်သည့် ရေအရင်းအမြစ်၊ မြေအရင်းအမြစ်များ တည်ရှိနေသည်။ ယင်းအရင်းအမြစ်များကိုအသုံးပြု၍ နိုင်ငံ၏စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် စွမ်းဆောင်လျက်ရှိကြသည်။

တစ်မျိုးသားလုံး၏ စီးပွားရေးတွင် လယ်ယာကဏ္ဍသည် အချိုးအစားအားဖြင့် အများဆုံးပါဝင်သည့်အပြင် လယ်ယာထွက်ကုန်တန်ဖိုးသည် ပြည်ပပို့ကုန်၌ အများဆုံးပါဝင်သည်။ စားသုံးကုန်သည် နိုင်ငံတိုင်း၌ အမြဲလိုအပ်နေသည့် ကုန်ပစ္စည်းဖြစ်ပြီး စားသုံးကုန်များ တင်ပို့ရောင်းချနေသည့် မြန်မာနိုင်ငံအနေဖြင့် ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းသွားရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ သားငါးစားသုံးမှု အပြည့်အဝရရှိရေး၊ ပြည်ပပို့ကုန် ပိုမိုတိုးမြှင့်ပို့နိုင်ရေးတို့ကို ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များသည် ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်တို့ကို မြစ်၊ ချောင်း၊ ပင်လယ်များမှ ဖမ်းဆီးခြင်း၊ မွေးမြူရေးကန်များဖြင့် မွေးမြူခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

ငါး၊ ပုစွန်၊ ငါးရှဉ့်၊ ကဏန်းများ ပြုပြင်ထုတ်လုပ်ရေးစက်ရုံပေါင်း ၁၃၆ရုံတို့က ရေထွက်ပစ္စည်းများကို ပြည်တွင်းစားသုံးသည်သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချလျက် ရှိသည်။

ပြည်ပသို့တင်ပို့ရောင်းချရာ၌ ငါး၊ ပုစွန်၊ ငါးရှဉ့်၊ ကဏန်း စသည်တို့ကို အကောင်လိုက်တင်ပို့ရောင်းချသည့်လုပ်ငန်းနှင့် ပြုပြင်ထုတ်လုပ်ပြီး တင်ပို့သည့်လုပ်ငန်းတို့ရှိရာ ၂၀၀၇-၂၀၀၈တွင် ရေထွက်ပစ္စည်း မက်ထရစ်တန် ၃၅၁၆၅၂တန် ပြည်ပသို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ပပို့ကုန်အမယ်သစ်များ ထုတ်လုပ်သည့်စက်ရုံများသည် အမယ်သစ်များကို ရှာဖွေလုပ်ကိုင်လျက်ရှိပြီး အောင်မြင်စွာလည်း ထုတ်လုပ်တင်ပို့နိုင်ခဲ့သည်။

ယခုအခါ ပြည်ပဈေးကွက်များဖြစ်သည့် ဥရောပဈေးကွက်၊ ဩစတြေးလျဈေးကွက်၊ ဂျာမနီဈေးကွက်တို့သို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက် ရှိသည်။

မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းများသည် ပြည်တွင်းစားသုံးမှု လုံလောက်သည်သာမက ပြည်ပဈေးကွက်များသို့လည်း တင်ပို့ရောင်းချပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေများ ဖြည့်ဆည်းပေးနိုင်လျက်ရှိရာ ရေအရင်းအမြစ်များကို နည်းလမ်းများကြံဆ၍ ပိုမိုတိုးမြှင့် ထုတ်လုပ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိုက်ပျိုးရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲ ကုန်သည်/စက်မှုအသင်းချုပ်၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် Development of Agricultural Sector in Israel ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးဟောပြောပွဲတွင် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်တစ်ဦး၊ အစ္စရေးနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်နှစ်ဦးနှင့် လုပ်ငန်းရှင်တစ်ဦးတို့က စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် နိုင်ငံတကာအဆင့်မီ အရည်အသွေး၊ ဈေးကွက်ရရှိရေးတို့ကို ဆွေးနွေးဟောပြောမည်ဖြစ်သဖြင့် တက်ရောက်လိုသူများသည် ဖုန်း-၂၁၄၃၄၄ သို့ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၈-၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄:၅၀	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၅။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၁၆)
၆:၄၅	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၂၀) ဇာတ်သိမ်းပိုင်း
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဖြေလိုက်ပါ
	၂၂။	ICT သုတ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၁၉)

စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၂၇

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ၌ လူနေမှုဘဝကိုအခြေခံ၍ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) တို့အကြား သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။ (အပေါ်ပုံ)

လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Yasuaki Nogawa ၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဌာနေကိုယ်စားလှယ် Mr.Hideo Miyamoto နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Dr.Shin Imai တို့က အမှာစကားပြောကြားကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်တို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

လှူဒါန်း

အဆိုပါ သဘောတူစာချုပ်အရ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဧရာဝတီတိုင်း ပုသိမ်၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့နယ်တို့၌ လူနေမှုဘဝကိုအခြေခံ၍ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ဂျပန်ယန်း သန်း ၂၀၀ လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဘဝဇာတ်ဆရာ** တရားတော် (ပထမပိုင်း) (ဆရာတော် ဘဒ္ဒန္တသောဘဏ)
၇:၄၅-၁:၄၅	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈:၂၀-၂:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၅-၂:၄၅	နွေးထွေးကူညီမှုများစွာဖြင့် ရောင်နီအလင်းကို ကြိုခဲ့ပြီ
၉:၀၅-၃:၀၅	တေးဂီတအစီအစဉ်
၉:၁၀-၃:၁၀	မြသိန်းတန်မှသည် မူလာရာမ မြသိန်းရုံဆီသို့
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	Midweek Sports News
၉:၄၀-၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	Splendour Floral (ဟဲလေးနှင့် ပန်းဒီဇိုင်နာကိုထွန်းထွန်းလင်းတို့ တွေ့ဆုံခြင်း)
၁၀:၁၀-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅-၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	Yangon Panorama (မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ဟောပြောပွဲနှင့် သင်တန်းဆင်းပွဲ အခမ်းအနား)
၁၀:၃၅-၄:၃၅	**အမျိုးနှင့် မျိုး** နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ ဇော်၊ ဝင်းနိုင်(အနုပညာ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	Diploma Guide (International Diploma in Networks & Cybersecurity အကြောင်းသိကောင်းစရာ)
၁၁:၁၅-၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	ကွန်ရက်ပမာ ယှက်သွယ်ဖြာ
၁၁:၃၀-၅:၃၀	စားချင်စဖွယ် နည်းအသွယ်သွယ်
၁၁:၄၀-၅:၄၀	သာခုခေါ်စေရာ စိန်စည်ဆရာတော်၏ အလှူမင်္ဂလာ
၁၁:၅၅-၅:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀	Activities in the City (ဥပဒေကျောင်းသားကျောင်းသူများ ဆရာကန်တော့ပွဲ)
၁၂:၁၅-၆:၁၆	တေးဂီတအစီအစဉ်
၁၂:၂၀-၆:၂၀	တိုးတက်စည်ပင် ပတ္တမြားမြေတစ်ခွင်
၁၂:၃၅-၆:၃၅	Myanmar Video Rhythm
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Man City-Newcastle	ESPN (Live)

သားငါးများရောင်းချမှု အချိန်အတွယ်မှန်ကန်ရေး ဆောင်ရွက်

တောင်ကုတ် ဇန်နဝါရီ ၂၇

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သားငါးဈေးတန်းအတွင်း သားငါးများရောင်းချရာတွင် အချိန်အတွယ်အလေးများ မှန်ကန်စွာရောင်းချမှုရှိ၊ မရှိကို ဒီဇင်ဘာ ၂၈ရက်က အမှုဆောင်အရာရှိ ဦးလှဖော်ဇံနှင့်အဖွဲ့ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိတ္ထီလာမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၇

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် မြာကျေးရွာအုပ်စု ရေဝေကျေးရွာ ဒေါ်မြစိန်စာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲနှင့်အုပ်စုလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်ပွဲကို ဇန်နဝါရီ ၂၀ရက်တွင် ရေဝေကျေးရွာရှိအဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မန္တလေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ စာကြည့်တိုက်အလှူရှင် ဦးသာဒွန်းအောင်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ဒေါ်မြစိန် စာကြည့်တိုက်အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဦးသာဒွန်းအောင်နှင့် ဇနီး ဒေါ်မြစိန်၊ သားဖြစ်သူ ဦးလင်းထိန်နှင့် ဇနီး ဒေါ်နီလာအောင်တို့က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီထံ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဒေါ်မြစိန်စာကြည့်တိုက်အတွက် ဩစတြေးလျနိုင်ငံ ကုသိုလ်ရှင်တစ်ဦးက ငွေကျပ်တစ်သိန်းတန် ဗီရိုတစ်လုံး၊ ဒေါ်ချိုမိသားစုက ငွေကျပ် ၅၀၀၀၀၊ မဥမ္မာ မောင်နှမတစ်စုက ငွေကျပ် ၂၀၀၀၀၊ ဦးသိန်းအောင်နှင့် ဇနီး ဒေါ်ရင်မေမိသားစုက ငွေကျပ် ၁၀၀၀၀၊ ကိုစောရွှေ၊ မမြကြည်စမ်း မောင်နှမနှစ်ဦးက ငွေကျပ် ၁၀၀၀၀၊ ဒေါ်ကုလားမမိသားစုက ငွေကျပ် ၅၀၀၀၊ ဦးကြည်မောင်မိသားစုက ကြေးမုံသတင်းစာ တစ်နှစ်စာအတွက် ငွေကျပ် ၂၄၀၀၀၊ ဆရာမဒေါ်ခိုင်(နဝရတ်ဘော်ဒါ)က ဒို့ကျေးရွာဂျာနယ်တစ်နှစ်စာအတွက် ငွေကျပ်၄၈၀၀၊ ဦးစိုးအောင်နှင့် ဇနီး ဒေါ်ငွေနွဲ့မိသားစုတို့က မဂ္ဂဇင်းစာအုပ်မျိုးစုံ အုပ်၄၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းစာကြည့်တိုက် အဆောက်အအုံကို ဦးသာဒွန်းအောင်နှင့် ဇနီး ဒေါ်မြစိန်၊ သားဖြစ်သူ ဦးလင်းထိန်နှင့် ဇနီး ဒေါ်နီလာအောင် (မြန်မာ့ခရီးသွားလုပ်ငန်း MTS ကုမ္ပဏီမိသားစု)တို့က ငွေကျပ်၂၆သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်တံခါးအထက မြတ်ဆရာပူဇော်ပွဲ ကျင်းပ

ကျောက်တံခါး ဇန်နဝါရီ ၂၇

ပဲခူးတိုင်း ကျောက်တံခါး အထကကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီက အဆိုပါကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် အငြိမ်းစားမြို့နယ်ပညာရေးမှူး ဆရာကြီးဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြား၍ ဘဏ္ဍာရေးမှူး ဦးအေးဝင်းက ငွေစာရင်းရှင်းတမ်းကိုဖတ်ကြားပြီး ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက အသက်အပိုင်းအခြားအလိုက် ငွေကျပ်ခြောက်သောင်း၊ ရှစ်သောင်းနှင့် တစ်သိန်းစီ အသီးသီးလှူဒါန်းပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)**

သြဝါဒစကား

ထို့နောက် အလှူရှင်ကျောင်းသားဟောင်း ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၊ ဒေါ်အေးမွန်ရှိန် မိသားစုတို့က ဆရာကြီး ဆရာမကြီးများအားလုံးတို့အား ငွေကျပ်တစ်သောင်းစီပူဇော်ကန်တော့၍ အခမ်းအနားသို့ တက်ရောက်လာကြသူများကို နံနက်စာ၊ နေ့လယ်စာတို့ဖြင့် ကျွေးမွေးဧည့်ခံပြီး ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၏ကိုယ်စား ဆရာကြီးဦးမင်းအောင်၊ (ဦးပဏ္ဍိတဝရ) ဆရာကြီးဦးစိန်မောင်၊ ဆရာကြီး ဦးတင်အောင်ဝင်း၊ ဆရာမကြီး ဒေါ်တင်ရွှေနှင့် ဆရာမကြီး ဒေါ်ခင်ခင်တို့က သြဝါဒစကားပြန်လည် ပြောကြားကြသည်။

(မြန်မာ့အလင်း)

မီးစွဲသုံးလျှင်
သတိယှဉ်
အစဉ်အမြဲသတိရှိ

ဈေးကွက်စီးပွားရေး သွက်လက်လျင်မြန်စွာ စီးဆင်းနိုင်ရေး သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် ယခုအပတ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၇

"ဈေးကွက်အေးအေး ဘယ်လိုနွေးမလဲ"စီးပွားရေးအကျပ်အတည်း ကာလအတွင်း ရောင်းရေးဝယ်တာစီးပွားရေးလုပ်ငန်းများ သွက်လက်လျင်မြန်စွာ စီးဆင်းနိုင်ရေး စီးပွားရေးပညာရှင်ကြီးများ၏ အကြံပြုသုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ်အတွဲ(၅) အမှတ်(၅)ထွက်ရှိနေပြီဖြစ်သည်။

ထို့အပြင် အမှတ်(၂)စက်မှုက ပထမဆုံးထုတ်လုပ်သည့် ခေတ်မီမော်တော်ယာဉ်များ လွတ်လပ်စွာ ဝယ်ယူနိုင်ပြီ၊ ရတနာပုံဆိုက်ဘာစီးတီးတွင် စက်ရုံများအမြန်တည်ဆောက်ရန် စက်ပစ္စည်းကုန်ကြမ်းများ အကောက်ခွန်မဲ့တင်သွင်းခွင့်ပြုမည်၊ ကျပ်သန်း ၃၀၀၀တန်ဖိုးရှိ ပုဂ္ဂလိကအစုရှယ်ယာများ MIDB က ရောင်းချပေးနေ၊ တောင်သူများကိုယ်တိုင် ပြည်ပသို့ ဆန်နှင့်ပဲတင်ပို့နိုင်ရေး တိုင်းကြီးသုံးတိုင်းတွင် အစုအဖွဲ့ကုမ္ပဏီများဖွဲ့ပြီ၊ အာဆီယံဒေသတွင်း ယဉ်ကျေးမှုပစ္စည်းများ တရားမဝင်လွှဲပြောင်းခြင်းနှင့်ရောင်းဝယ်ခြင်း ကာကွယ်ထိန်းသိမ်းရေး ထိရောက်စွာဆောင်ရွက်ပြီ၊ ဘဏ်ရည်မမီသူများ ဖွံ့ဖြိုးရေးစင်တာ တည်ဆောက်ရန်စီစဉ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **"လူ့အဖွဲ့အစည်းနှင့် ကိုယ်ချင်းစာစိတ်"**အကြောင်း၊ **"ရတနာပုံက ဇာတ်ကားအရေအတွက်ထက် အရည်အသွေးကို အဓိကထားတယ်"**ဖျော်ဖြေရေးသတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

နိုင်ငံခြားသားအလုပ်သမားနှစ်သိန်း စင်ကာပူမှ ထွက်ခွာရဖွယ်ရှိ၊ ဘားရက်အိုဘားမား ရာထူးနှင်းအပ်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့၊ သမ္မတဘုရှ်အား ဖိနပ်ဖြင့်ပစ်ပေါက်သည့် အီရတ်ဂျာနယ်လစ် ဆွစ်ဇာလန်နိုင်ငံသို့ နိုင်ငံရေးခိုလှုံခွင့်တောင်း၊ မောင်ခိုဈေးကွက်တိုက်ဖျက်ရေးလှုပ်ရှားမှု ကျူးဘားတွင် တိုးမြှင့်ဆောင်ရွက်၊ ချစ်သမီးများနှင့် ကလေးတိုင်းအတွက် သမ္မတရာထူးကို ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း အိုဘားမားပြော၊ အသက်ကြီးလာချိန်တွင် မျက်လုံးသည် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများထက် ချို့ယွင်းမှုပိုမိုလျင်မြန်၊ **"ဗြိတိသျှကျောင်းသူ၊ အသတ်ခံရမှုတွင် တရားခံတစ်ဦးအား ထောင်ဒဏ်နှစ် ၃၀ချ၊ နှစ်ဦးအား တရားရုံးတွင်ကြားနာစစ်ဆေး"**မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **"ပြောရဦးမယ် သူတို့က ဒီလိုတဲ့"**ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

နေကြတ်ခြင်းကို အင်ဒိုနီးရှားပြည်သူများ ပိုမိုမြင်တွေ့ခဲ့ကြရ လာမည့် ဇူလိုင် ၂၂ရက်နေ့၌ နေထပ်မံကြတ်ဦးမည်

ဘာသာပြန်သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ

ဂျကာတာ ဇန်နဝါရီ ၂၇

ရာစုနှစ်တစ်ခုအတွင်း (၆၆)ကြိမ်မြောက် လုံးဝနီးပါးနေကြတ်ခြင်းအဖြစ် ဇန်နဝါရီ ၂၆ရက် ညနေ ၄နာရီ မိနစ်၄၀ခန့်က ဖြစ်ပေါ်ခဲ့ရာ အင်ဒိုနီးရှားနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အများအပြားက မြင်တွေ့ခဲ့ကြရသည်။

တွေ့မြင်ခဲ့

နေစတင်ကြတ်ခြင်းကို ဇန်နဝါရီ ၂၆ရက်က ပထမဆုံးစတင်မြင်တွေ့ ခဲ့ရသည့် နိုင်ငံမှာ အာဖရိကတိုက်တောင်ပိုင်းနိုင်ငံများဖြစ်သည်။ အာကာသသုတေသနပညာရှင်များ၏ ကြိုတင်သတင်းထုတ်ပြန်ခြင်းကြောင့် အာဖရိကတိုက်တောင်ပိုင်းရှိ နိုင်ငံများမှ ပြည်သူများ စောင့်ကြည့် တွေ့မြင်ခဲ့ကြသည်။

ဒုတိယအစောဆုံးတွေ့မြင်ရသည့် နိုင်ငံများမှာ ဩစတြေးလျနိုင်ငံ၏ ကိုကော့စ်ဒေသဖြစ်ပြီး တတိယအစောဆုံးတွေ့ရှိရသည့် နိုင်ငံမှာ အိန္ဒိယသမုဒ္ဒရာအတွင်းကျွန်းစုများမှ ဒေသခံများဖြစ်ကြသည်။



အကြီးဆုံး

ထို့အတူ နေကြတ်မှုပမာဏ အကြီးဆုံးတွေ့မြင်ရသည့်နိုင်ငံများမှာ အရှေ့တောင်အာရှနိုင်ငံများဖြစ်ပြီး အပြည့်အဝဆုံးနီးပါးနေကြတ်မှုကို မြင်တွေ့ရသည့် နိုင်ငံမှာ အင်ဒိုနီးရှားဖြစ်သည်။ တစ်ဖန် မဒါဂါစကာ ကျွန်းနိုင်ငံ၌လည်း တွေ့မြင်ကြရသည်ဆို၏။

ဇန်နဝါရီ၂၆ရက်က နေကြတ်မှုသည် အချိန်လေးမိနစ်ခန့်သာကြာမြင့်သော်လည်း ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူသိန်းပေါင်းများစွာ မြင်တွေ့ခဲ့ကြသည်။ နေကြတ်မှုအကြီးဆုံးမြင်တွေ့ရသည့်အရပ်မှာ အင်ဒိုနီးရှားနိုင်ငံ ဆူမာတြာကျွန်းနှင့် ကာလီမင်တန်ကျွန်းများဖြစ်ပြီး အချိန်လေးမိနစ်နီးပါး မြင်တွေ့ခဲ့ကြရသည်။

အရိပ်ကျ

ယခု နေကြတ်မှုဖြစ်ပေါ်ခဲ့ခြင်းသည် နေ၏အစိတ်အပိုင်း၈၄ရာခိုင်နှုန်း နေကြတ်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဆိုသော်လည်း အင်ဒိုနီးရှားနိုင်ငံ အရှေ့ကာလီမင်တန် ပြည်နယ်မှ မြင်တွေ့ရသည်မှာ နေအစိတ်အပိုင်း၏ ၉၀ရာခိုင်နှုန်း အရိပ်ကျခဲ့ခြင်းကို မြင်တွေ့ခဲ့ကြရသည်ဟု ဆို၏။

ကြိုတင်သတိပေးထား

နေကြတ်ချိန်၌ ထွက်ပေါ်လာသော အလင်းတန်းများသည် မျက်စိကို ထိခိုက်စေကြောင်း ကြိုတင်သတိပေးထားမှုကြောင့် နေကြတ်ခြင်းကို စောင့်ကြည့်သူပြည်သူများ နေကာများ တပ်ဆင်ကြည့်ရှုခဲ့ကြသည်။

ဖြစ်ပေါ်နိုင်

ပြီးခဲ့သည့် ၂၀၀၈ခုနှစ် ဩဂုတ်၁ရက်က နေကြတ်မှုတစ်ကြိမ် ဖြစ်ပေါ်ခဲ့ပြီး ယခု ဇန်နဝါရီ၂၆ရက်က နေကြတ်မှုတစ်ကြိမ် ဖြစ်ပေါ်ခဲ့သည့်အပြင် လာမည့်ဇူလိုင် ၂၂ရက်၌လည်း နေကြတ်ခြင်းဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ခန့်မှန်းထားသည်။

မြင်တွေ့ရဖွယ်ရှိ

ထိုသို့ နေကြတ်သည့်အခါ အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ မြန်မာ၊ တရုတ်နှင့် ဂျပန်နိုင်ငံရှိ အချို့သောကျွန်းများက မြင်တွေ့ကြရမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ ။

(အင်တာနက်)



ဇန်နဝါရီ ၂၆ရက် ညနေ ၄နာရီ ၁၅မိနစ်က နေကြတ်သည့်မြင်ကွင်းကို တောင်ဥက္ကလာပမြို့နယ်မှ ဤသို့မြင်တွေ့ခဲ့ရသည်။

(ဓာတ်ပုံ - သတင်းထောက် ဝင်းမြင့်ထွန်း)

သမ္မတအိုဘားမား၏ စီးပွားရေး အစီအစဉ် ရီပတ်ဘလီကင်တို့၏ကန့်ကွက်မဲ ခြိမ်းခြောက်လျက်ရှိ

ဝါရှင်တန် ဇန်နဝါရီ ၂၇

အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ ဒေါ်လာ ၈၂၅ ဘီလီယံ သုံးစွဲမည့် စီးပွားရေးအားပေးမှုအစီအစဉ်ကို ကန့်ကွက်မဲပေးရန် ထင်ရှားသည့် ရီပတ်ဘလီကင်များက ခြိမ်းခြောက်လျက်ရှိသည်။

သမ္မတ အိုဘားမား၏ ယင်းအစီအစဉ်မှာ မည်မည်ရရ ပြောင်းလဲသွားရန် လိုအပ်ကြောင်း အမေရိကန် အောက်လွှတ်တော် လူနည်းစုခေါင်းဆောင် ဂျွန်ဘိုနာက ပြောကြားသည်။

တစ်ချိန်တည်း မှာပင် စီးပွားရေးတွင် ပိုမိုစိုက်ထုတ်သုံးစွဲ မည့်အစား အခွန်အတုတ် လျှော့ချသင့် ကြောင်း အထက်လွှတ်တော် အမတ် ဂျွန်မက်ကိန်းက တိုက်တွန်း လိုက်သည်။

သမ္မတအိုဘားမား၏ စီးပွားရေး အားပေးမှုအစီအစဉ် ပျက်ပြားသွားအောင် ရီပတ်ဘလီကင်တို့ အနေဖြင့် မဲအရေအတွက် အပြည့်အစုံမရှိပေ။ သို့သော် အထက်လွှတ်တော်တွင် ယင်းကိစ္စကို အချိန်ဆွဲထားနိုင်သည်ဟု ဆိုသည်။

အာမခံထား

စီးပွားရေးအားပေးမှုအစီအစဉ်ကို အောက်လွှတ်တော်တွင် ယခုရက်သတ္တပတ်အတွင်း မဲခွဲဆုံးဖြတ်မည်ဟု အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပလိုစီက အာမခံထားသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ဂူလူဆက်စတာမြို့၌ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ပေါက်ကွဲမီးလောင်မှုဖြစ်ပွားပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို ဇန်နဝါရီ ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သမ္မတ အိုဘားမား၏ပြောင်းလဲရေးအယူအဆ

အီရန်လွှတ်တော်ဥက္ကဋ္ဌ လာရီဂျာနီဝေဖန်

တီဟီရန် ဇန်နဝါရီ ၂၇

အီရန်လွှတ်တော်ဥက္ကဋ္ဌ အလီလာရီဂျာနီက အမေရိကန်သမ္မတသစ် ဘားရက်အိုဘားမား၏ ပြုပြင်ပြောင်းလဲရေး သဘောထား အယူအဆကို ဇန်နဝါရီ ၂၅ ရက်က ဝေဖန်ပြောကြားသည်။

ဂါဇာကမ်းမြောင်၌ အစ္စရေးတို့ကျူးလွန်သည့် ရာဇဝတ်လုပ်ရပ်များအပေါ် အမေရိကန်သမ္မတ အိုဘားမားက ရေငုံနှုတ်ပိတ်နေပြီး အစ္စရေးအစိုးရကို လက်တွေ့ထောက်ခံနေခြင်းမှာ သူ၏ ပြုပြင်ပြောင်းလဲရေး အယူအဆကို သံသယပွားစရာဖြစ်ကြောင်း လာရီဂျာနီက ပြောကြားသည်။

ထောက်ပြ

အဖိနှိပ်ခံ ပါလက်စတိုင်းတို့အား အကာအကွယ်ပေးရေးထက် အစ္စရေးတို့၏ လုံခြုံရေးကို ထိန်းသိမ်းရန် အမေရိကန်တွင် တာဝန်ရှိသည်ဆိုသော အိုဘားမား၏ မကြာမီက ဖွင့်ဟပြောဆိုချက်ကြောင့် ၎င်း၏ပြောင်းလဲရေး သဘောထားအယူအဆမှာ ပိုမို၍ ဝိုးတဝါးဖြစ်သွားရသည်ဟုလည်း အီရန်လွှတ်တော်ဥက္ကဋ္ဌ လာရီဂျာနီက ထောက်ပြသည်။

တိုက်တွန်း

အမေရိကန်သမ္မတအနေဖြင့် ပြောင်းလဲရေး၏ ပထမခြေလှမ်းအဖြစ် အစ္စရေးအစိုးရနှင့် ခပ်ခွာခွာနေသင့်ကြောင်း အီရန်လုံခြုံရေးအစောင့်တပ်၏ တပ်မှူးဗိုလ်မှူးချုပ် ဘာကာဇာဒီက ဇန်နဝါရီ ၂၄ ရက်တွင် တိုက်တွန်းလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပုံးပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ ဒီရာအစ္စမေးလ်ခန်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ချီလီနိုင်ငံ မြို့တော်ဆန်တီယာဂို၏ အနောက်မြောက်ဘက် ၇၅ မိုင်အကွာ ဗီနာဒယ်လ်မာမြို့တွင် ကရိန်းဖြင့် ဝေဟင်တွင်ချိတ်ဆွဲထားသော အမြင့်မီတာ ၅၀ရှိ စားသောက်ခန်းမ၌ ဧည့်သည် ၂၂ ဦး ညစာစားသုံးနေကြသည်ကို ဇန်နဝါရီ ၂၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)



အမေရိကန်၌ သေနတ်ပစ်မှုနှစ်ခု လေးဦးသေဆုံး၊ ၁၅ ဦးဒဏ်ရာရ

ဝါရှင်တန် ဇန်နဝါရီ ၂၇

အမေရိကန်နိုင်ငံ၌ ဇန်နဝါရီ ၂၄ ရက်ညက ပစ်ခတ်သတ်ဖြတ်မှုနှစ်ခု သီးခြားစီဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၅ ရက်တွင် ကြေညာသည်။

ဆေးရုံတင်

ပထမဖြစ်စဉ်မှာ အော်ရီဂွန်ပြည်နယ် ပို့လင်းမြို့ ညကလပ်တစ်ခုအပြင်ဘက်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ အသက် ၂၄နှစ်ရှိ ဆီဇာဆိုသူ လူငယ်သေနတ်သမားတစ်ဦးက ပစ်ခတ်သဖြင့် ဆယ်ကျော်သက် အမျိုးသမီးနှစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရသွားသည်။ ယင်းနောက် သူ့ကိုယ်သူ ဦးခေါင်းတွင်သေနတ်တေ့ပြီး ပစ်သဖြင့် အတွင်းလူနာအဖြစ် ဆေးရုံတင်ထားရသည်။

အခြားဖြစ်စဉ်မှာ ကင်တပ်ကီပြည်နယ်တွင်ဖြစ်ပွားရာ နှစ်ဦးသေဆုံးကာ ခုနစ်ဦးဒဏ်ရာရသွားသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မိုဆူးလ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား အရပ်သားသုံးဦး ဒဏ်ရာရ

မိုဆူးလ် ဇန်နဝါရီ ၂၇

အီရတ်နိုင်ငံ မိုဆူးလ်မြို့တော် အလယ်ပိုင်း၌ ဇန်နဝါရီ ၂၆ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားသုံးဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲ

ယင်းဗုံးမှာ မိုဆူးလ်မြို့လယ်ရှိ ဟာလပ်လမ်းမကြီးပေါ်၌ ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း၊ အမျိုးသမီးတစ်ဦး အပါအဝင် သုံးဦးဒဏ်ရာရရှိသွားကြောင်း၊ အနီးအနားရှိ အဆောက်အအုံနှင့် ကားအချို့လည်း ပျက်စီးခဲ့ရကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

ထုတ်ဖော်

သို့ရာတွင် အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

(အင်တာနက်)

ပေကျင်းမြို့ လူဦးရေ ၁၇ သန်းနီးပါးခန့် ရှိလာ

ပေကျင်း ဇန်နဝါရီ ၂၇

၂၀၀၈ခုနှစ်ကုန်၌ တရုတ်နိုင်ငံ ပေကျင်းမြို့တော်၏ လူဦးရေမှာ ၁၆ ဒသမ ၉၅ သန်းသို့ ရောက်ရှိလာခဲ့ကြောင်း၊ ယင်းမှာ ၂၀၀၈ ခုနှစ်စကထက် ၆၂၀၀၀၀ ပိုမိုတိုးပွားလာခဲ့ကြောင်း၊ ယင်းတို့အနက် လေးပုံတစ်ပုံခန့်မှာ အခြားဒေသများမှ ပြောင်းရွှေ့လာကြသူများဖြစ်ကြောင်း တရုတ်စာရင်းအင်း ဌာနက သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့် လေးနှစ်မှစတင်၍ ပေကျင်းမြို့၏ လူဦးရေမှာ နှစ်စဉ်နှစ်တိုင်း တိုးပွားလာခဲ့ကြောင်းသိရသည်။ **(အင်တာနက်)**

စစ်ဘေး

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့အတွင်း စစ်ဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အကြမ်းဖက်သမားများနှင့် ရဲတပ်ဖွဲ့ အပြန်အလှန်တိုက်ခိုက် နယူးဒေလီမြို့ဆင်ခြေဖုံး၌ သံသယရှိသူနှစ်ဦးသေဆုံး

နယူးဒေလီ ဇန်နဝါရီ ၂၇

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တပရာဒေ့ရှ်ပြည်နယ်ရှိ နိုအီဒါမြို့၌ ဇန်နဝါရီ ၂၅ရက်က အကြမ်းဖက်သမားဟု သံသယရှိသူနှစ်ဦးနှင့် ရဲတပ်ဖွဲ့တို့ ပက်ပင်းတိုးတိုက်ခိုက်ရာမှ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီး ၎င်းနှစ်ဦးမှာသေဆုံးခဲ့ကြောင်း၊ အခင်းဖြစ်ပွားရာမြို့သည် နယူးဒေလီမြို့၏ ခေတ်မီဖွံ့ဖြိုးသည့် ဆင်ခြေဖုံးဒေသ ဖြစ်ကြောင်း နယူးဒေလီရပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

ယင်းပက်ပင်းတိုး တိုက်ခိုက်မှုတွင် ဥတ္တပရာဒေ့ရှ်ရဲတပ်ဖွဲ့နှင့် အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့(အေတီအက်စ်)တို့ ပူးပေါင်းအဖွဲ့သည် နိုအီဒါမြို့အနီး အဝေးပြေးလမ်းမပေါ်တွင် ဒေလီမြို့သို့ ဦးတည်သွားနေသော အကြမ်းဖက်သမားများအား ပစ်ခတ်ခဲ့သည်။

ဒဏ်ရာရ

အဆိုပါ ဖြစ်ရပ်တွင် ယင်းအဖွဲ့မှ တပ်သားတစ်ဦး ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။

အေတီအက်စ်အဖွဲ့သည် အကြမ်းဖက်တပ်ဖွဲ့အား နောက်ယောင်ခံလိုက်လံရှာဖွေနေသည်မှာ တစ်လခွဲခန့်ရှိသွားပြီဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၄ရက်ကမူ အကြမ်းဖက်သမားဟု သံသယရှိသူနှစ်ဦးအား အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်များနှင့်အတူ ဂါဇီယာဘက်ဒ်မြို့မှ ဒေလီမြို့ဘက်သို့သွားနေသည်ကို တွေ့ရကြောင်း၊ ၎င်းတို့နှစ်ဦးထံမှ အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ယင်းကျည်ဆန် အတောင့် ၁၂၀၊ လက်ပစ်ဗုံး ငါးလုံး၊ စနက်တံများ၊ အာရ်ဒီအိတ်က်စ် အမြောက်ကျည်ဆန်ကိုးတောင့်၊ မာရူတီ ၈၀၀ကား တစ်စီးနှင့် စာရွက်စာတမ်းအချို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ယင်းပြည်နယ်မှ ရဲတစ်ဦးဖြစ်သူ ဘရီဂျီလောလ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နည်းပညာသိပ္ပံ

ဖုန်းဖြင့်ခိုင်းလျှင် ဆောင်ရွက်နိုင်သည့်စက်ရုပ်တီထွင်

မိုဘိုင်းလ်ဖုန်းဖြင့် အမိန့်ပေးခိုင်းစေနိုင်သော လုံခြုံရေးစက်ရုပ်တစ်ရုပ်ကို ဂျပန်သုတေသနပညာရှင်များက တီထွင်ထုတ်လုပ်လိုက်သည်။

နေအိမ်နှင့် ရုံးခန်းများတွင် လုံခြုံရေးအတွက် အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်သည့် T-၃၄ လုံခြုံရေးစက်ရုပ်သည် နေအိမ်အတွင်း နေရာအနှံ့သွားလာလှုပ်ရှားနိုင်သလို လူတစ်ဦးနီးပါး လုံခြုံရေးတာဝန်ကို ထမ်းဆောင်နိုင်သည်ဟု ဆိုသည်။

လုံခြုံရေးစက်ရုပ်သည် တစ်နာရီလျှင် ၁၀ ကီလိုမီတာနှုန်း သွားလာလှုပ်ရှားနိုင်ပြီး မိုဘိုင်းလ်ဖုန်းဖြင့် ပြောဆိုညွှန်ကြားမှုကို ကောင်းစွာလက်ခံနိုင်ကာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်သည်။

အိမ်သို့မဟုတ် ရုံးခန်းအတွင်းသို့ ဧည့်သည်များဝင်ရောက်လာပါက စက်ရုပ်တွင်ပါရှိသော ကင်မရာဖြင့် ချက်ချင်းဓာတ်ပုံရိုက်ယူကာ ပိုင်ရှင်၏မိုဘိုင်းလ်ဖုန်းသို့ စက္ကန့်ပိုင်းအတွင်း ပေးပို့နိုင်သည်။

မည်သည့်အခန်း အပူချိန်တွင်မဆို ကောင်းစွာအလုပ်လုပ်နိုင်ပြီး ထူးခြားမှုများကို အသံနှင့်တကွ ဆက်သွယ်ပြောကြားနိုင်သည့် စက်ရုပ်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ပန်းချီကားချပ်

ရိုမေးနီးယားနိုင်ငံ နာပိုကာမြို့ပြင်တွင် ရိုမေးနီးယား ကလေးငယ်ပေါင်း ၂၀၀၀ နှင့် အကူအညီပေးသူ ၁၅၀ တို့က စုပေါင်း၍ ကွန်ကရစ်လောင်းထားသော ရင်ပြင်၌ ၇၅၃၄၇၃၇ စတုရန်းပေရှိသည့် ပန်းချီကားချပ်ကြီးတစ်ခုကို ရေးဆွဲခဲ့ကြရာ ယင်းပန်းချီကားချပ်ကြီးသည် ကမ္ဘာပေါ်တွင်အကြီးဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အောက်ပုံ)**

(အင်တာနက်ဓာတ်ပုံ)

ခရီးမိုင်အဝေးဆုံး တွန်းလှည်းတွန်းနိုင်သူ

ဗြိတိန်နိုင်ငံသား အသက် (၆၅)နှစ်အရွယ် ဒေးဗစ်ဘရိတ်အမည်ရှိ အမျိုးသားကြီးတစ်ဦးသည် အမှိုက်တွန်းလှည်းကို ဩစတြေးလျနိုင်ငံအနောက်ပိုင်း ပါ့သ်မြို့မှ ဆစ်ဒနီမြို့သို့ ရက်ပေါင်း ၁၁၂ရက်ကြာအောင် တွန်းပြီးပြေးခဲ့ရာ ခရီးမိုင် ၂၅၇၂ မိုင်ရှိခဲ့သဖြင့် ကမ္ဘာပေါ်တွင် အမှိုက်တွန်းလှည်းဖြင့် ခရီးအဝေးဆုံးနှင်နိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ) (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ သတင်း စုစည်းဘာသာ ပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဖြစ်ရမယ်....

ဘဝအမောပြေ

ရထားလက်မှတ်မဝယ်မိဘဲ ရထားစီးလာသော အမျိုးသားကြီးတစ်ဦးသည် စိတ်ထဲမလုံမလဲဖြစ်လျက်ရှိရာ ကြားဘူတာရုံတစ်ရုံမှ တက်လာပြီး ဘေးနေရာ၌ လာထိုင်နေသော လူအား နာရီအတန်ကြာ ရထားစီးပြီးသောအခါ စကားပြောလေသည်။

အမျိုးသားကြီး ။ ။ ဘယ်အထိ ရထားစီးရမှာလဲ။
ဘေးမှလူ ။ ။ လမ်းဆုံးဘူတာအထိပဲ။
အမျိုးသားကြီး ။ ။ အော်…အဝေးကြီးစီးရမှာပေါ့။
ဘေးမှလူ ။ ။ ဟုတ်ပါတယ်။
အမျိုးသားကြီး ။ ။ ကျွန်တော်ဗျာ…အချိန်ကပ်မှ ဘူတာရောက်လာလို့ ရထားပေါ်အပြေးအလွှားတက်ခဲ့ရတယ်။
ဘေးမှလူ ။ ။ ရထားမီလို့တော်သေးတာပေါ့။
အမျိုးသားကြီး ။ ။ အဲဒါ…ရထားလက်မှတ်မဝယ်မိခဲ့လို့ စိတ်ထဲမှာ စိုးရိမ်နေမိတယ်။
ဘေးမှလူ ။ ။ အော်…
အမျိုးသားကြီး ။ ။ ဒါထက်…မိတ်ဆွေက ကုန်ရောင်းကုန်ဝယ်ပဲလား။
ဘေးမှလူ ။ ။ မဟုတ်ပါဘူး…ကျွန်တော်က ရထားလက်မှတ်စစ်ပါ။
အမျိုးသားကြီး ။ ။ "ဗျာ"

ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် အိန္ဒိယသမ္မတနိုင်ငံ

သတင်းအက်ဆေး

အိန္ဒိယသမ္မတနိုင်ငံသည် တောင်အာရှဒေသ အိန္ဒိယတိုက်ငယ်တွင် တည်ရှိသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့်အပြင် ဤနိုင်ငံသည် ကမ္ဘာ့ဒုတိယ လူဦးရေ အများဆုံးနိုင်ငံလည်းဖြစ်သည်။ ပြည်ပအုပ်ချုပ်မှုအောက်တွင် နှစ်များစွာ ကျရောက်ခဲ့ပြီးနောက် ယခုအခါ အင်အားကြီးနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေသည်။

ယဉ်ကျေးမှုထွန်းကား

ဤနိုင်ငံတည်ရှိရာ အိန္ဒိယတိုက်ငယ်တစ်ဝိုက်တွင် အိန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှုတစ်ချိန်က ထွန်းကားခဲ့သည်။ အဓိကရဘာသာကြီးလေးရပ် စတင်ရာ ဒေသလည်းဖြစ်သည်။

ကွန်ဂရက်ပါတီထူထောင်

ခရစ်မပေါ်မီ ဘီစီ ၂၀၀၀ကျော်ကာလက ဤနိုင်ငံမှာ အင်ပါယာနိုင်ငံကြီးနှင့် ရှေးဟောင်းယဉ်ကျေးမှုများ ထွန်းကားစည်ပင်ခဲ့ရာမှ ၁၈၅၈ခုနှစ်တွင် ဗြိတိသျှလက်အောက် ကျရောက်ခဲ့သည်။ ၁၈၈၅ခုနှစ်တွင် အမျိုးသားစိတ်ဓာတ်များ ပြင်းထန်သည့်အလျောက် အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီကို ထူထောင်လိုက်သည်။

၁၉၂၀-၂၂ခုနှစ်တွင် အမျိုးသားရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီက အကြမ်းမဖက် အနုနည်းဖြင့် ဗြိတိသျှအစိုးရကို အာခံခဲ့သည်။ ၁၉၄၇ခုနှစ်တွင် ဗြိတိသျှအုပ်စိုးမှု အဆုံးသတ်သွားသည်။ နိုင်ငံမှ ဟိန္ဒူအများစုနေထိုင်သည့် အိန္ဒိယနှင့် မွတ်စလင်အများစုနေထိုင်သည့် ပါကစ္စတန်ဟူ၍ နှစ်ပိုင်းကွဲသွားသည်။

၁၉၄၇-၄၈ခုနှစ်တွင် နှစ်နိုင်ငံပိုင်းခြားပြီးနောက် ကျယ်ပြန့်သော လူမျိုးရေး ပဋိပက္ခကြောင့် ထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ ၁၉၄၈ခုနှစ်တွင် အစွန်းရောက်သမားတစ်ဦးက မဟတ္တမဂန္ဒီကို လုပ်ကြံလိုက်သည်။ ထိုနှစ်တွင် ကက်ရှ်မီးယားအရေးနှင့်ပတ်သက်၍ အိန္ဒိယနှင့်ပါကစ္စတန် စစ်ဖြစ်သည်။

ဝန်ကြီးချုပ်ဖြစ်လာ

၁၉၅၁-၅၂ခုနှစ် ပထမအကြိမ်ရွေးကောက်ပွဲတွင် ကွန်ဂရက်ပါတီအနိုင်ရပြီး ဂျဝါဟာလာနေရူး ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၆၂ခုနှစ်တွင် တရုတ်နိုင်ငံနှင့် နယ်စပ်စစ်ပွဲ ခေတ္တဖြစ်ပွားသည်။ ၁၉၆၄ခုနှစ်တွင် ဝန်ကြီးချုပ်နေရူး ကွယ်လွန်သည်။ ၁၉၆၅ခုနှစ်တွင် ကက်ရှ်မီးယားအရေးနှင့်ပင် ပါကစ္စတန်နှင့် ဒုတိယအကြိမ် စစ်ဖြစ်ပြန်သည်။

၁၉၆၆ခုနှစ်တွင် မစ္စတာနေရူး၏သမီး အင်ဒီရာဂန္ဒီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၇၁ခုနှစ်တွင် အရှေ့ပါကစ္စတန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ် ထူထောင်ရေးကိစ္စတွင် အိန္ဒိယနှင့်ပါကစ္စတန်တို့ တတိယအကြိမ် စစ်ဖြစ်သည်။

၁၉၇၄ခုနှစ်တွင် ပထမဆုံးအကြိမ် မြေအောက်နျူကလီးယားစမ်းသပ်မှု ပြုလုပ်သည်။ ၁၉၇၇ခုနှစ် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၏ ကွန်ဂရက်ပါတီ အရေးနိမ့်သွားသည်။

၁၉၈၀ပြည့်နှစ် ရွေးကောက်ပွဲတွင် ၎င်း၏ကွန်ဂရက်(အိုင်)ပါတီ အနိုင်ရပြီး မစ္စက်အင်ဒီရာဂန္ဒီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၄ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုသည်။ ဆစ်ခ်စစ်သွေးကြွများအား မောင်းထုတ်ရန် အိန္ဒိယတပ်ဖွဲ့ဝင်များက ရွှေကျောင်းတော်ကို စီးနင်းလိုက်သည်။ ဝန်ကြီးချုပ် မစ္စက်အင်ဒီရာဂန္ဒီကို ဆစ်ခ်လူမျိုး သူ့သက်တော်စောင့်များက လုပ်ကြံလိုက်သည်။ ဝန်ကြီးချုပ်ရာထူးကို မစ္စက်အင်ဒီရာ၏သား ရာဂျစ်ဂန္ဒီက ရယူလိုက်သည်။

စီးပွားရေးပြုပြင်ပြောင်းလဲ

၁၉၈၅ ခုနှစ်တွင် သီရိလင်္ကာလူမျိုးရေးပဋိပက္ခတွင် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက် အိန္ဒိယတပ်ဖွဲ့ဝင်များ စေလွှတ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် အိန္ဒိယတပ်ဖွဲ့ဝင်များကို သီရိလင်္ကာမှ ရုပ်သိမ်းသည်။ ၁၉၉၁ ခုနှစ်တွင် သီရိလင်္ကာမှ တမီးလ်ကျားသူပုန်တို့ကို လိုလားသူတစ်ဦးက ရာဂျစ်ဂန္ဒီအား အသေခံဗုံးခွဲလုပ်ကြံလိုက်သည်။ နာရာဆင်ဟာရောင်း ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ စတင်သည်။

လက်မှတ်ရေးထိုး

၁၉၉၆ ခုနှစ်တွင် ကွန်ဂရက်ပါတီမှာ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ပြီး ဘီဂျေပီပါတီက အင်အားအကြီးဆုံးပါတီဖြစ်လာကာ ၁၉၉၈ ခုနှစ်တွင် ဘီဟာရီဗားဂျ်ပါယီး ဝန်ကြီးချုပ်ဖြစ်လာသည်။ ထိုနှစ်တွင် နျူကလီးယားစမ်းသပ်မှုပြုလုပ်သည်။ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလတွင် ဝန်ကြီးချုပ် ဗားဂျ်ပါယီး ပါကစ္စတန်သို့ သွားရောက်ပြီးနောက် လာဟိုငြိမ်းချမ်းရေး ကြေညာချက်ကို ပါကစ္စတန်ဝန်ကြီးချုပ် နဝပ်ရှရစ်ဖ်နှင့်အတူ လက်မှတ်ရေးထိုးသည်။

၂၀၀၁ ခုနှစ်တွင် စွမ်းအားမြင့်ဒုံးပျံကို အာကာသအတွင်း လွှတ်တင်သည်။ ၂၀၀၂ ခုနှစ် ဇန်နဝါရီလတွင် တိုက်ချင်းပစ်ဒုံးကျည်ကို အောင်မြင်စွာ ပစ်လွှတ်နိုင်သည်။ ထိုနှစ် မေလတွင် ပါကစ္စတန်နိုင်ငံကလည်း တာလတ်ပစ်မြေပြင်မှ မြေပြင်ပစ် ဒုံးကျည်ကို စမ်းသပ် ပစ်လွှတ်သည်။

၂၀၀၂ ခုနှစ် ဇူလိုင်လတွင် အာကာသသိပ္ပံပညာရှင် အေပီဂျေအဗ္ဗဒူကာလာမ်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ၂၀၀၄ ခုနှစ် မေလရွေးကောက်ပွဲတွင် ကွန်ဂရက်ပါတီအနိုင်ရပြီး ဝန်ကြီးချုပ်အဖြစ် မန်မိုဟန်ဆင်း ကျမ်းသစ္စာကျိန်ဆိုသည်။ ထိုနှစ် စက်တင်ဘာလတွင် ဤနိုင်ငံက ဘရာဇီး၊ ဂျာမနီ၊ ဂျပန်တို့နှင့်အတူ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ရေး အဆိုပြုသည်။

ပထမဆုံးအာကာသဒုံးပျံ လွှတ်တင်

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလတွင် မတော်တဆ နျူကလီးယားစစ်ပွဲဖြစ်မည့်အန္တရာယ်လျော့ပါးရေးအတွက် အိန္ဒိယနှင့်ပါကစ္စတန် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးသည်။ ထိုနှစ် ဧပြီလတွင် အီတလီဂြိုဟ်တုတစ်စင်းကို သယ်ဆောင်သည့် အိန္ဒိယ၏ပထမဆုံးသော အာကာသဒုံးပျံကို လွှတ်တင်လိုက်သည်။

၂၀၀၇ခုနှစ် မေလတွင် နှစ်ပေါင်း ၂၀အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးဖြစ်ကြောင်း အိန္ဒိယအစိုးရက ကြေညာသည်။ ထိုနှစ်အတွင်း မီးစ်ပရာတီဘာပတေးအား ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

၂၀၀၈ခုနှစ် နိုဝင်ဘာလတွင် ဤနိုင်ငံ၏ဘဏ္ဍာရေးအချက်အချာ မွမ်ဘိုင်းမြို့ကို အကြမ်းဖက်သမားများစီးနင်းတိုက်ခိုက်သဖြင့် လူ ၂၀၀ နီးပါး သေဆုံးခဲ့ရသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

အိန္ဒိယသမ္မတနိုင်ငံသည် တောင်အာရှဒေသ အိန္ဒိယတိုက်ငယ်တွင် တည်ရှိ၊ ကမ္ဘာပေါ်တွင် အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့်အပြင် ဤနိုင်ငံသည် ကမ္ဘာ့ဒုတိယ လူဦးရေ အများဆုံးနိုင်ငံလည်းဖြစ်၊ ပြည်ပအုပ်ချုပ်မှုအောက်တွင် နှစ်များစွာ ကျရောက်ခဲ့ပြီးနောက် ယခုအခါ အင်အားကြီးနိုင်ငံတစ်ခုအဖြစ် ပေါ်ထွန်း။

● *ကျော့ဖုံးမှ*

ခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး
အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၇

(၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံစွမ်းအင်စီးပွားရေးဆိုင်ရာပြပွဲနှင့် စာတမ်းဖတ်ပွဲများကို ၂၀၀၉ခုနှစ်အတွင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငြေး၊ စွမ်းအင်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံစွမ်းအင်စီးပွားရေးဆိုင်ရာ ပြပွဲနှင့် စာတမ်းဖတ်ပွဲများကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် တိုင်းရင်းသားရေနံကုမ္ပဏီများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံစွမ်းအင်စီးပွားရေးဆိုင်ရာပြပွဲနှင့်စာတမ်းဖတ်ပွဲများ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီနာယက စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့် အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငြေးက ဆပ်ကော်မတီ အစည်းအဝေးများ ကျင်းပခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ယင်းနောက် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးအောင်က (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးနှင့် စပ်လျဉ်း၍ အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနနှင့် ဆွေးနွေးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကား

ထို့နောက် ဝန်ကြီးဌာနအသီးသီးမှ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဆပ်ကော်မတီများနှင့်တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးကြကာ ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း စွယ်တော်ကျေးရွာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်း၌ ဇန်နဝါရီ၁၀ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်အောင်က လေးနှစ်ဆက်တိုက် ပညာရည်ထူးချွန်သည့် စတုတ္ထတန်းကျောင်းသူ မခိုင်ခိုင်ဝေအား ဆုပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပုလောမြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၇

ပုလောမြို့နယ်အသင်း (ရန်ကုန်)၏ (၅၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၄ရက်က ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးခန်းမရုံတွင် ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် နာယက ဦးထွန်းလွင်နှင့်အသင်းဥက္ကဋ္ဌ သုခမ္မမဏိဇောတရေ သီရိဓမ္မမဏိဇောတရေ ဦးမောင်လှတို့က အဖွင့်အမှာစကားပြောကြားပြီး အသင်းဝင် သက်ကြီး အဘိုးအဘွားများအား ပူဇော်ကန်တော့ကြကာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသူ အသင်းဝင် သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

အတည်ပြု

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းကို အတည်ပြုကြကာ ဥက္ကဋ္ဌ သုဓမ္မ မဏိဇောတရေ သီရိသုဓမ္မ မဏိဇောတရေ ဦးမောင်လှ၊ အတွင်းရေးမှူး ဦးချစ်ထွေးတို့ ပါဝင်သော အလုပ်အမှုဆောင် အဖွဲ့သစ်ကို ဖွဲ့စည်းလိုက်ကြောင်း သိရသည်။ **(၁၃၅)**

အင်အားအသင့်အတင့် မြေငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၂၇ရက် မြန်မာစံတော်ချိန် ၂နာရီ ၃မိနစ် ၉စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက်မိုင် ၁၂၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၉အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သည်ဟု တိုင်းထွာရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✱ *ကျော့ဖုံးမှ*

နိုင်ငံတော်၌ ကဏ္ဍစုံအားလုံး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကကျသည့် အခြေခံအဆောက်အအုံဖြစ်သော လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် လမ်းနှင့်တံတားများကို တိုးချဲ့တည်ဆောက်ရသည့်တာဝန်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အများဆုံးတာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဝန်ဖိုက်တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့က တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း မိုင်တိုင် ၆၄ မိုင် ၁ ဖာလုံ၌ ဝန်ဖိုက်ချောင်းကိုဖြတ်၍ တည်ဆောက်ပြီးဖြစ်သည့် ဝန်ဖိုက်ချောင်းတံတားကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၆ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ဝင်ပေါက်

ရခိုင်ပြည်နယ်သည် ယခင်က ရေလမ်းနှင့်လေကြောင်းလမ်းများဖြင့်သာ အဓိကထားပြီး ကျန်ပြည်နယ်နှင့် တိုင်းများကို ဆက်သွယ်သွားလာနေခဲ့ရာမှ ယခုအခါရခိုင်ပြည်နယ်ကို ဝင်ပေါက်ကြီးသုံးပေါက်အနေဖြင့် ရန်ကုန်-စစ်တွေလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ ငါးသိုင်းချောင်း-ဂွလမ်းတို့ ငွားငွားစွင့်စွင့် ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

ယင်းတံတားကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ပြည်သူများအနေဖြင့် မအီမြို့ကတစ်ဆင့် တောင်ကုတ်-သံတွဲ-ဂွ-ငါးသိုင်းချောင်းလမ်းအတိုင်း ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းသို့ လည်းကောင်း၊ မအီ-အမ်းလမ်းမှတစ်ဆင့် စစ်တွေမြို့သို့လည်းကောင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့သို့ လည်းကောင်း မော်တော်ကားဖြင့် လွယ်လင့်တကူ သွားလာ နိုင်ပြီး ရခိုင်ပြည်နယ်မှထွက်ရှိသော ရေထွက်ပစ္စည်းနှင့် အခြားသီးနှံများကိုပါ ဈေးကွက် သို့ အချိန်မီလွယ်ကူစွာပို့ဆောင်နိုင်ပြီဖြစ်၍ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့တွင်သာမက လူနေမှုအဆင့်အတန်းပါ တိုးတက်မြင့်မားလာခဲ့ပေပြီ။

အမျိုးအစား

ဝန်ဖိုက်ချောင်းတံတားမှာ အောက်ထည် သံကူကွန်ကရစ်ဘိုးပိုင် အုတ်မြစ်၊ အပေါ်ထည်မှာ သံမဏိသံပေါင် သံကူကွန်ကရစ်ဖြစ်ပြီး တံတားအရှည်မှာ စုစုပေါင်း ၈၂၇ပေ ၃ လက်မရှိသည်။ ယာဉ်သွားလမ်း အကျယ်မှာ ၂၄ ပေ၊ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီ နှစ်ဖက်ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၁၀၀၊ အမြင့် ၁၄ ပေနှင့် တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန်၆၀ဖြစ်ကြောင်း သတင်းမှတ်စုမှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

❖ *ကျော့ဖုံးမှ*

ထို့အပြင် ဦးနှောက်အတွင်း ပျက်စီးသွားသော ဆဲလ်များကို ဖယ်ရှားသန့်စင်နိုင်သည့်အပြင် ဆဲလ်များပျက်စီးမှုကို အကာအကွယ်ပေးနိုင်ကြောင်း၊ တစ်ဖန် ဦးနှောက်နှာဗ်ကြောများကိုလည်း လန်းဆန်းစေကြောင်း သိရသည်။

ပန်းသီးဖျော်ရည်

ပန်းသီးဖျော်ရည်ကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့်သောက်သုံးပေးပါက အသက်အရွယ်ရလာသည့်အခါ အရေပြားပေါ်တွင် ဖြစ်ပွားတတ်သည့် ရောဂါများ မဖြစ်ပွားနိုင်အောင် ဟန့်တားကာကွယ်ပေးနိုင်ပြီး စိတ်ကျန်းမာရေးကို အထောက်အကူပြုပေးနိုင်ကြောင်း သိရသည်။

❒ *ကျော့ဖုံးမှ*

အခွံမာသီးနှံပင်များဖြစ်သည့် စပါး၊ ဂျုံ၊ ပြောင်း၊ လူး၊ ဆတ်စသည့်အပင်တို့၏ ပင်စည်၊ အကိုင်း၊ အရွက်နှင့် အူတိုင်တို့တွင် သဘာဝက ဖြည့်စွက်ပေးထားသော ကော်ကဲ့သို့ အစေးများပါရှိကြောင်း၊ ယင်းအစေးများကို ဓာတုပစ္စည်းများနှင့် ပေါင်းစပ်ကာ ဇီဝလောင်စာဆီ ထုတ်ယူနိုင်ကြောင်း သိရသည်။

ကင်းဝေး

အဆိုပါ ဇီဝလောင်စာဆီထုတ်ယူမှု စနစ်မှာ ကုန်ကြမ်းပစ္စည်းဖြစ်သည့် ပင်စည်၊ အရွက်နှင့် အကိုင်းအခက်အလက်များအပြင် အသုံးမလိုသည့် အူတိုင်များကို အသုံးပြုခြင်းကြောင့် ကုန်ကျစရိတ်နည်းပါးသည့်အပြင် ကုန်ကြမ်းပစ္စည်း ရှားပါးပြတ်လပ်မှုနှင့်လည်း ကင်းနိုင်မည်ဖြစ်သည်။

ထို့အပြင် အခြားဇီဝလောင်စာ ထုတ်ယူမှုများထက် ငွေကုန်ကျမှုများစွာ လျော့နည်းကြောင်း၊ နည်းပညာများထည့်သွင်းမှု အနည်းငယ်လိုအပ်နေသေးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဖိုးတန်ဇီဝ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အခွံမာသီးနှံများ စိုက်ပျိုးမှုဧက သန်းပေါင်းများစွာရှိသည်ဖြစ်ရာ ယခင်က မြေဆွေးအဖြစ်ထားပြီး မြေသြဇာပြုလုပ်ရန်သာ ရည်မှန်းထားခဲ့သော်လည်း ယခုအခါ အဖိုးတန်ဇီဝလောင်စာ ထုတ်ယူနိုင်တော့မည် ဖြစ်သည်။

ထိခိုက်မှုမရှိ

အခွံမာသီးနှံပင်များ၏ ရိုးတံ၊ ပင်စည်၊ အရွက်နှင့် အူတိုင်များကို အမိုးနီးယားနှင့် ဓာတ်ပြုစေပြီး ကော်စေးများထုတ်ယူကာ ဓာတုပစ္စည်းများ ထပ်မံပေါင်းထည့်ခြင်းဖြင့် ရရှိလာသော ဇီဝလောင်စာဆီကို မူလစက်သုံးဆီများနှင့် ရောနှောကာ သုံးစွဲခြင်းဖြစ်ရာ အင်ဂျင်များ ထိခိုက်မှုတစ်စုံတစ်ရာမရှိစေကြောင်း သိရသည်။

သုတေသနပြုမည်

ယခုကဲ့သို့ အစားထိုးစွမ်းအင် သုံးစွဲမှုသည် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျော့ကျစေပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကိုလည်း ကျဆင်းစေသည်ဖြစ်ရာ ယခုထက်ကုန်ကျမှု လျော့နည်းသည့် နည်းလမ်းဖြင့် အခွံမာသီးနှံပင်များမှ ဇီဝလောင်စာဆီထုတ်ယူမှုကို ဆက်လက်သုတေသနပြုသွားမည် ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။ ။

ကိုးကား-အင်တာနက်

ပြည်ထောင်စုဖွား
သွေးချင်းများ
တားဆီးကာကွယ်
မီးရန်စွယ်

ဖြည့်စွက်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂၇ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ စာရေးဆရာ လှိုင်သင်း၏ အင်္ဂလိပ်အသံ အမှန်ထွက်စေဖို့ စာအုပ်ထွက်ရှိ စာအုပ်တွင် ပါရမီစာပေ အမှတ်(၂၃၀) ၂၉လမ်း ရန်ကုန်မြို့ဟု ဖြည့်စွက်ဖတ်ရှုပါရန်။ (သတင်းစဉ်)

ပုသိမ်နှင့်မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာ နေကြာသီးညှပ်စိုက်ခင်း မြေသြဇာကျွေးနေမှုနှင့် နေကြာမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဇန်နဝါရီ ၂၄ရက် မွန်းလွဲပိုင်းက ငွေဆောင်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား ထောက်ပံ့ငွေများပေးအပ်၍ အားပေးစကားပြောကြားကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဟိုတယ်တာဝန်ခံများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြီး ငွေဆောင်မြို့ ရဲတပ်ဖွဲ့စခန်း၌ ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ သီးနှံစိုက်ခင်းများ၊ ကြက်၊ ဝက်နှင့် ဆိတ်မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ထားရှိ

ယင်းနောက် ငွေဆောင်မြို့ရှိ ဟိုတယ်များ သန့်ရှင်းသာယာလှပစွာ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

သိုလှောင်ထားရှိ

ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ ရန်ကင်းတောင်ရပ်ကွက်ရှိ ယုဇနအုပ်စု ဧရာဝတီရေလုပ်ငန်းလီမိတက်သို့ သွားရောက်ကြပြီး ငါးစာတောင့်များ ထုတ်လုပ်နေမှု၊ စက်ရုံအတွင်း ငါးစာကုန်ကြမ်းပစ္စည်း သိုလှောင်ထားမှု၊ ငါးအသားလွှာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာ၌ ကျင်းပသည့် နေကြာမြေသြဇာကျွေးပွဲကို တက်ရောက်အားပေးကာ တောင်သူ ဦးညွန့်ရင်၏ ကွင်း၌ အောင်မြင်ဖြစ်ထွန်းနေသော နေကြာစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်း နှီးနှီး တွေ့ဆုံသည်။

ယှဉ်ပြိုင်စမ်းသပ်ကွက်

ဆက်လက်၍ ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာရှိ တောင်သူဦးစိန်ဝင်း၏ စိုက်ခင်းသို့ ရောက်ရှိပြီး အထွက်ကောင်းမျိုးစပါးများ၏ အရည်အသွေးနှင့် ထမင်းနမူနာများကို လည်းကောင်း၊ နေကြာသီးညှပ်စိုက်ခင်းမြေသြဇာကျွေးနေမှုနှင့် နေကြာမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးဖြစ်ထွန်းနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဇီးဖြူကျွန်းကျေးရွာ

ထို့မှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုသည် ညောင်တုန်းမြို့နယ် ဇီးဖြူကျွန်းကျေးရွာ တောင်သူ ဦးဝင်းဦး၏ သီးထပ်ရင် နွေစပါးစိုက်ခင်းနှင့် မြန်မာဘီလီယံဂရု(ပ်) ကုမ္ပဏီလီမိတက်၏ စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံနှင့် ဘိုကလေးမြို့တွင် လမ်းဖွင့်ပွဲနှင့် သင်တန်းဖွင့်ပွဲများ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၂၅ရက် နံနက် ၁၀နာရီတွင် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော အောင်သုခလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ၊ ဖျာပုံခရိုင်နှင့် ဖျာပုံမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ဝန်ကြီးနှင့်အဖွဲ့သည် အောင်သုခ ကတ္တရာလမ်း တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

လွယ်ကူစွာသွားလာနိုင်

အဆိုပါကတ္တရာလမ်းမှာ အရှည် ပေ ၇၅၉၀၊ အကျယ် ၁၄ ပေရှိကာ စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေနှင့် ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေတို့ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကတ္တရာလမ်းဖြစ်ကာ လက်ရှိကတ္တရာလမ်းပြီးစီးသွားသဖြင့် ဖျာပုံမြို့မှ ဘိုကလေးမြို့သို့ လျင်မြန်လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်**(အပေါ်ပုံ)**နှင့် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တို့သည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသော အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားကြပြီး သင်တန်းခန်းမအတွင်း သင်တန်းသူများအား အခြေခံစက်ချုပ်သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးကြသည်။

လေ့ကျင့်သင်ကြား

ဖျာပုံမြို့နယ် အခြေခံ အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁)သို့ ဖျာပုံမြို့နယ်အတွင်းရှိ လေဘေးသင့် ကျေးရွာများမှ သင်တန်းသူ ၆၀ တက်ရောက်လျက်ရှိပြီး ရက်သတ္တ ၁၂ပတ် ကြာမြင့်မည်ဖြစ်ကာ အခြေခံအိမ်တွင်းမှုပညာနှင့်အာဟာရမပျက် ချက်ပြုတ်မှုပညာများကိုလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ဘိုကလေးမြို့ အောင်ဩဘာ ၁၈ လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို လည်းကောင်း၊ ဘိုကလေးမြို့ ဆရာအတတ်သင်ကျောင်းခန်းမ၌ ကျင်းပသော ဘိုကလေးမြို့နယ် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲသို့လည်းကောင်း တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ရက်က ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ စက်မှု(၁) ဓမ္မာရုံ၌ကျင်းပရာ ပထမဦးစွာ အသင်းအတွင်းရေးမှူး ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က အခမ်းအနား အစီအစဉ်များဖတ်ကြားပြီး အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးက အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်း အနှစ်ချုပ်ကို ဖတ်ကြားတင်ပြပြီး သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်မြို့နေ အသက်(၇၅)နှစ်ရှိ အသင်းဝင်နှင့် အသင်းဝင်များ၏ မိဘ ၁၄၃ဦးတို့အား ကန်တော့ငွေများကို အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အသင်းဝင်များက ပေးအပ်ပူဇော်ကန်တော့ကြပြီး ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီး ၂၁ဦးအား ဆုများချီးမြှင့်ကြသည်။ **(၁၁၃)**

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

ပုလဲမြို့၌ စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ပုလဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဇန်နဝါရီ ၁၅ ရက်က စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင်ဟန်က စာအုပ် ၅၁အုပ်နှင့် စာစောင် ၃၀၊ အခွန်ဦးစီးမှူး ဦးတင်ငွေက ဂျာနယ်စုံ ၅၆စောင်၊ မြို့ဦးရပ်နေ ဦးကြည်-ဒေါ်မြမြဝင်း (ကျန်းမာရေးဆရာမ)မိသားစုက မှုခင်းသတင်းဂျာနယ် ၈၇စောင် တို့ကို လှူဒါန်းကြပြီး မြို့နယ်ဦးစီးမှူး ဦးဆန်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မချမ်းဘောမြို့တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

အမျိုးသားကာကွယ်ဆေးတိုက်နေ့(ပထမအကြိမ်) ဇန်နဝါရီ ၁၀ရက် နံနက်ရနာရီက မချမ်းဘောမြို့ ကျန်းမာရေးဌာန ဆေးပေးခန်းတွင် အသက်ငါးနှစ်အောက်ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပွဲကျင်းပရာ မြို့နယ်ယာယီဥက္ကဋ္ဌ ဒုရဲမှူး သန်းနိုင်၊ မြို့နယ်သွားဆရာဝန် ဒေါက်တာမောင်မောင်တင့်လွင်နှင့် တာဝန်ရှိသူတို့က ရပ်ကွက်၊ ကျေးရွာများမှကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည်။

(မြို့နယ် ပြန်/ဆက်)

ဆီဆိုင်မြို့ ရေဖြူကျေးလက်ကျန်းမာရေး အဆောက်အအုံသစ်ဖွင့်

ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ရေဖြူကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၁၀နာရီက အဆိုပါအဆောက်အအုံသစ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးခိုင်ထွန်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးထွန်းနှင့် ကျေးရွာကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မောင်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ပိုလီယိုကာကွယ်ဆေး ရွှေဘိုမြို့၌ တိုက်ကျွေး

ရွှေဘိုမြို့နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)ကို ဇန်နဝါရီ ၁၀ရက် နံနက် ၉ နာရီက ရွှေဘိုပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အသက်ငါးနှစ်အောက် ကလေးများအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးသည်။

(ခရိုင် ပြန်/ဆက်)

ကနီ၌ မြို့သာယာ သန့်ရှင်းရေးဆောင်ရွက်

ကနီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကပ်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများစုပေါင်း၍ ဇန်နဝါရီ ၈ရက် နံနက် ၇နာရီက ကနီမြို့ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်သည်။ အဆိုပါသန့်ရှင်းရေးလုပ်ငန်းတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများစုပေါင်းပါဝင်ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ထီးချိုင့်၌ ရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းဆင်း

ကသာခရိုင် ထီးချိုင့်မြို့နယ် ကြက်ခြေနီအသင်းကကြီးမှူးဖွင့်လှစ်သော လူထုအတွင်း ရှေးဦးပြုစုခြင်းဆင့်ပွားသင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၇ရက် မွန်းလွဲ၁နာရီက အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်ကျော်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများကို တပ်ရင်းမှူး ဒုရဲမှူးချစ်ညွန့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ ***(မြို့နယ် ပြန်/ဆက်)***

ဟုမ္မလင်း၌ အခြေခံမီးသတ်သင်တန်းဆင်း

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့်ဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်းအမှတ် (၁/၂၀၀၉) ဆင်းပွဲအခမ်းအနားကို ဟဲဖက်ကျေးရွာအုပ်စု နွဲပတ်ကျေးရွာ မူလတန်းကျောင်း၌ ဇန်နဝါရီ ၂၀ရက်ညနေ ၅ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းထွန်းက အမှာစကား ပြောကြားပြီး ထူးချွန်ဆုရသင်တန်းသားများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စံပြမိခင်ပြိုင်ပွဲ ကောလင်း၌ကျင်းပ

ကောလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကလေးအဝအလှနှင့် စံပြမိခင်ပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်က မြို့နယ်အားကစားရုံ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်ကလေးနှင့် စံပြမိခင်များတက်ရောက်ကြပြီး ဆုရရှိကြသောကလေးများနှင့် စံပြမိခင်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(၀၃၂)

မုတ္တမဘူတာ၌ ချုံနွယ်များ စုပေါင်းသန့်ရှင်း

မုတ္တမမြို့၌ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုတ္တမဘူတာအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်သရိုက်များကို မုတ္တမရုံပိုင်ကြီး ဦးခင်မောင်အေးနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးရထားရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၅) နယ်မြေ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဆိပ်ကမ်းဝန်ထမ်းများ စုပေါင်း၍ ခုတ်ထွင်ရှင်းလင်းပြီး သာယာလှပရေးအတွက် ဆေးများသုတ်ကာ တပျော်တပါး ပြုလုပ်ခဲ့ကြောင်း သိရသည်။

(၀၁၃)

နွားထိုးကြီး၌ မီးဘေးကာကွယ်ရေးဇာတ်တိုက်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)၏ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း ကြူကွဲ-ပြင်စည်-စကားအင်းအပိုင်း အပိုင်း ၄စမိုင် ၅ဖာလုံရှိ နွားထိုးကြီးမြို့နယ် ပြင်စည် ဆီဝေရေးစခန်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၂၄ရက် နံနက် ၁၀နာရီက ကျင်းပရာ စခန်းတာဝန်ခံ ဦးစာရုံးမန်းက မီးဘေးကြိုတင်ကာကွယ်ရေး ရှင်းလင်းပြောကြားပြီး မီးသတ်ဆေး၊ ရေဘူး၊ ဓာတုဗေဒပေါင်ဒါမှုန့်အခြောက်တို့ဖြင့် လက်တွေ့သရုပ်ပြ ငြိမ်းသတ်ကြသည်။ ***(၀၈၉)***

ရခိုင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း၁၄၀၀၀ကျော်ကျယ်ဝန်းပြီး လူဦးရေသုံး
ပြည်ထောင်စု၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ေ

* *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စစ်တွေ တပ်နယ် အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့်

သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သူများဖြစ်၍ တစ်စိတ်တစ်ဝမ်းတည်း ရှိကြရမည်ဖြစ်ကြောင်း။

အထူးအလေးထား

ပြီးခဲ့သည့် အစိုးရအဆက်ဆက်တွင် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်မပေးနိုင်ခဲ့ကြသော်လည်း မိမိတို့တပ်မတော် အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား၍ ဆောင်ရွက်ပေးခဲ့ကြောင်း။

ရေခြားမြေခြားဖြစ်နေသည့် ရခိုင်ပြည်နယ်ကို ပြည်တွင်းနှင့်အလွယ်တကူ ကူးသန်းဆက်သွယ် သွားလာနိုင်ရန်အတွက် အစိုးရအဆက်ဆက် အိပ်မက်ပင်

လျှပ်စစ်စက်ရုံတည်ဆောက်ရေးကို မိမိတို့ ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တည်ဆောက်ပြီးပါက လျှပ်စစ်မီး တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း၄၁၇ သန်း ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း။

တိုင်းတာတွက်ချက်

ယခုအခါ ရခိုင်ပြည်နယ်တောင်ပိုင်းအတွက်သာမက ရခိုင်ပြည်နယ် မြောက်ပိုင်းအတွက်ပါ လျှပ်စစ်မီးရရှိစေရန် စိုင်တင်ရေအားလျှပ်စစ် စက်ရုံကို တည်ဆောက်မည်ဖြစ်ကြောင်း၊ ယခင်က နွေရာသီတွင် ရေမလုံလောက်သဖြင့် တည်ဆောက်မပေးနိုင်ခဲ့သော်လည်း ယခုအခါ မိုးရေနှင့် စိုင်တင်ချောင်းရေတို့ကို ရေစုကန်တည်ဆောက်စုဆောင်းပြီး ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မည်ဖြစ်၍ စက်ရုံပြီးစီးပါက လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင်ကီလိုဝပ်နာရီသန်းပေါင်း ၂၃၆သန်းရရှိနိုင်ပြီး စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားအထိ လျှပ်စစ်မီးရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခု ခရီးစဉ်တွင်

ပျက်စီးဆုံးရှုံးမှုဖြစ်ရပ်ကို သင်ခန်းစာယူပြီး မိမိတို့ များ မဖြစ်ပွားစေရအောင် သတိရှိစွာဖြင့် နေထိုင် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝ နိုင်ငံတော်အကြီးအကဲက မြန်မာ့မီးရထားကို အ ဖြစ်စေရန်၊ အမျိုးသား ရထားကွန်ရက်ဖြစ်စေရေး အားလုံး ရထားလမ်းများဖောက်လုပ်ရန်၊ ကျန်ရှိ လည်း ရထားလမ်း အမြန်ဆုံးဖောက်လုပ်ပေးရန် အနေ၊ လမ်းညွှန်ချက်နှင့်အညီ ယခုဆိုလျှင် မင်းဘူ ဖောက်လုပ်ရန် မြေပြင်တိုင်းထွာမှုများ စတင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဌာနဆိုင်ရာအကြီးအကဲများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ပြည်နယ်၏ အကျယ်အဝန်း၊ မြေသယံဇာတအသုံးချမှု၊ ရေသယံဇာတအခြေအနေ၊ မိုးစပါး ရိတ်သိမ်းထွက်ရှိမှု အခြေအနေ၊ နွေစပါးစိုက်ပျိုးမှုအခြေအနေ၊ ဆန်ဖူလုံမှုနှင့် ဆီဖူလုံမှုအခြေအနေ၊ ဆောင်းသီးနှံ စိုက်ပျိုးမှုအခြေအနေ၊ အမယ်သစ်သီးနှံ ငရုတ်ကောင်းစိုက်ပျိုးမှုနှင့် အဓိကသီးနှံ ၁၀မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ထားမှုအခြေအနေ၊ ဆီအုန်း၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးထားမှုအခြေအနေ၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ပုစွန်ကန်များ မွေးမြူထားရှိမှုနှင့် ထွက်ရှိမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ရခိုင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး စီမံချက်အရ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စုပေါင်းနေထိုင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၀၀၀ကျော်ကျယ်ဝန်းပြီး ခရိုင် လေးခရိုင်၊ မြို့နယ် ၁၇မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားကာ လူဦးရေအားဖြင့် သုံးသန်းကျော် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း။

ပထဝီအနေအထားအရ တောင်တန်းကြီးများ၊ မြစ်ချောင်းများနှင့် ပင်လယ်ပြင်တို့ဖြင့် ပိုင်းခြားထားသဖြင့် တစ်ချိန်က ပြည်တွင်းဒေသများသို့ သွားလာဆက်သွယ်ရန် အခက်အခဲ၊ အတားအဆီးများဖြစ်ပေါ်နေခဲ့၍ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ်ဆက်ဆံရာတွင် အဟန့်အတားများ ဖြစ်စေခဲ့ကြောင်း။

လူမျိုးရေးစိတ်ဓာတ်

ထို့အပြင် ကိုလိုနီလက်ထက်က ၎င်းတို့၏ Divide and Rule ပေါ်လစီအရ သွေးခွဲအုပ်ချုပ်ခဲ့သဖြင့် တိုင်းရင်းသားအချင်းချင်း ယုံမှား သံသယရှိခဲ့ပြီး ရခိုင်လူမျိုး၊ ဗမာလူမျိုး စသည်ဖြင့် လူမျိုးရေးစိတ်ဓာတ်များ ဖြစ်ပေါ်ခဲ့ရကြောင်း။

အမှန်မှာ ရခိုင်ပြည်နယ်သည်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရှေးပဝေသဏီကပင် ရခိုင်၊ ဗမာ၊ ပျူ၊ ကမ်းယံ၊ သက် စသည်ဖြင့် တိုင်းရင်းသားပေါင်းစုံ ဥမကွဲသိုက်မပျက် စုပေါင်းနေထိုင်လာခဲ့သည့် ပြည်ထောင်စုကလေး တစ်ခုပင်ဖြစ်ကြောင်း၊ ရခိုင်သည်လည်း မြန်မာပြည်တွင် နေထိုင်သည့် မြန်မာလူမျိုးပင်ဖြစ်၍ ရခိုင်၊ ဗမာစသည်ဖြင့် ခွဲခြား၍ မရပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်

မမက်ဖူးသည့် ရန်ကုန်-စစ်တွေ မော်တော်ကားလမ်းကို ၁၉၉၆ခုနှစ်တွင် စတင်ဖောက်လုပ်ပေးခဲ့ရာ ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကားလမ်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ သာမန်မြေပြန့်လွင်ပြင်မျိုးမဟုတ်ဘဲ နွံတောများ၊ မြစ်ချောင်းများနှင့် တောင်တန်းများကို ခက်ခက်ခဲခဲ ဖြတ်ကျော်ဖောက်လုပ်ခဲ့ရပြီး မြစ်ကူးချောင်းကူး ပေ၁၈၀ အထက် တံတား ၂၇စင်းနှင့် ပေ၁၈၀ အောက် တံတား ၁၀၆၇စင်း ဆောက်လုပ်ခဲ့ရကြောင်း၊ငွေကြေးပမာဏများစွာသုံးစွဲပြီး ခက်ခက်ခဲခဲဖြင့် မဖြစ်မနေ ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ခက်ခက်ခဲခဲ

ထို့အပြင် ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း ဆက်သွယ်သွားလာနိုင်ရန်နှင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့နှင့်ပါ ဆက်သွယ်နိုင်အောင် ရန်ကုန်-ကျောက်ဖြူ ကားလမ်းကိုလည်း ခက်ခက်ခဲခဲဖြင့် ဖောက်လုပ်ပေးခဲ့ကြောင်း၊ ဤလမ်းပေါ်တွင် ပေ၁၈၀အထက် တံတား ၁၆စင်းနှင့် ပေ၁၈၀အောက် တံတား ၈၇၉စင်း ဆောက်လုပ်ခဲ့ရသဖြင့် ငွေကြေးများစွာကုန်ကျခဲ့ကြောင်း၊ တချို့နေရာများတွင် ရွံ့နွံလတာပြင်များဖြစ်နေ၍ Geo-Textile ဓာတုပစ္စည်းများ သုံး၍ လမ်းခင်းခဲ့ရကြောင်း။

မိမိတို့ တပ်မတော်အစိုးရသည် မည်သို့ပင် အခက်အခဲရှိရှိ စီးပွားရေး တွက်ခြေကိုက်မှု၊ မကိုက်မှုကို မကြည့်ဘဲ တိုင်းရင်းသားအချင်းချင်း ကူးလူး ဆက်သွယ်သွားလာနိုင်စေရန်၊ ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

ရာသီမရွေး

ရခိုင်ပြည်နယ်သည် မိုးများသည့်ဒေသဖြစ်၍ နှစ်စဉ် လမ်းများပျက်စီးမှု ရှိမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့အဖွဲ့အနေဖြင့် ဤလမ်းများပျက်စီးမှုကို ကြည့်ရှုစစ်ဆေးပြီး နွေ၊ မိုး၊ ဆောင်း ရာသီမရွေးသွားလာနိုင်အောင် ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း။

ဝမ်းသာစရာ စကားပြောကြားရမည်ဆိုပါက ရခိုင်ပြည်နယ်တွင် လက်ရှိ မော်တော်ကားလမ်းသာမက မီးရထားလမ်းကိုပါ ဖောက်လုပ်ပေးမည်ဖြစ်ကြောင်း၊ ယခု မိမိတို့ခရီးစဉ်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးပါ လိုက်ပါလာပြီး မြေပြင်အခြေအနေကို ကြည့်ရှုလေ့လာကာ စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြားမြို့များမှစ၍ အမ်းမြို့အထိ ဖောက်လုပ်ပြီး အမ်းမြို့မှတစ်ဆင့် ဧရာဝတီအနောက်ဘက်ခြမ်းရှိ ရထားလမ်းနှင့် ဆက်သွယ်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတွက် မီးရထားသံလမ်း မိုင်၁၀၀၀ စာကို ပြည်ပမှ ဝယ်ယူနေပြီဖြစ်၍ ဤမီးရထားလမ်းကို မကြာမီ အမြန်ဆုံး စတင်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း။

ဖြန့်ဖြူးပေး

ရခိုင်ပြည်နယ်၏ အဓိကလိုအပ်ချက်သည် ဆက်သွယ်ရေး၊ လမ်းနှင့် လျှပ်စစ်မီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တောင်ပိုင်းတွင် သူ့ငွေးချောင်း ရေအား

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးပါ လိုက်ပါလာပြီး မကြာမီ တိုင်းတာတွက်ချက်ပြီး လုပ်ငန်းစတင်တော့မည်ဖြစ်ကြောင်း။

အချိန်တိုအတွင်း

ယခုအခါ ရာသီဥတုဖောက်ပြန်မှုများကြောင့် အင်အားပြင်းထန်သည့် ငလျင်လှုပ်မှုများ၊ ဆူနာမီကဲ့သို့ ဒီလှိုင်းကြီးများ ရိုက်ခတ်မှုများ၊ လေပြင်းမုန်တိုင်းများ၊ ကမ္ဘာ့နေရာအနှံ့အပြားတွင် ကျရောက်ဖြစ်ပေါ်နေကြောင်း၊ ပြီးခဲ့သည့် ၂၀၀၈ခုနှစ် မေ ၂ရက်နှင့် ၃ရက်များက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းသည် လူ၊ တိရစ္ဆာန် အသေအပျောက် အလွန်များပြားခဲ့ပြီး လူနေအိမ်ခြေ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ကျောင်းကန်ဘုရား စသည်တို့ ပျက်စီးဆုံးရှုံးမှုများ အလွန်များပြားခဲ့ကြောင်း၊ မုန်တိုင်းသင့်ဒေသများဖြစ်သည့် ဧရာဝတီတိုင်း ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်း ခုနစ်မြို့နယ်တို့တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ အိုးအိမ်များ ပြန်လည်တည်ဆောက်ပေးသည့် လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးသည့် လုပ်ငန်းများနှင့်နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးဒဏ် ကာကွယ်ရေးလုပ်ငန်းများကို မိမိတို့ အားသွန်ခွန်စိုက် လူအား၊ ငွေအားစိုက်ထုတ်၍ လုပ်ကိုင်ခဲ့ရကြောင်း၊ နိုင်ငံတော်အစိုးရ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုအားဖြင့် အဆိုပါလုပ်ငန်းများကို မိမိတို့ အချိန်တိုအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် မိုင်၃၆၀ ကမ်းရိုးတန်း ထိစပ်နေသဖြင့် မုန်တိုင်းအန္တရာယ် အချိန်မရွေး တွေ့ကြုံနိုင်သည့် ဒေသဖြစ်ကြောင်း၊ နာဂစ်မုန်တိုင်းကြောင့် ရန်ကုန်တိုင်းအတွင်းနှင့် ဧရာဝတီတိုင်းအတွင်း ကြုံတွေ့ရသည့်အဖြစ်မျိုး မဖြစ်စေရန် ကြိုတင်ကာကွယ်မှု၊ ပြင်ဆင်မှုများကို ယခုနှစ် မိုးမကျမီ စီမံချက်များရေးဆွဲ၍ ပြုလုပ်ရမည်ဖြစ်ကြောင်း။

ဒီရေတောများ

မုန်တိုင်းသတိပေးသတင်းများ အချိန်မီ အမြန်ဆုံးသိရှိရန် ကမ်းရိုးတန်းတစ်လျှောက် ဆက်သွယ်မှုစနစ်များ ပြုလုပ်ပေးထားပြီးဖြစ်ကြောင်း၊ ကျေးရွာများ အနီးပတ်ဝန်းကျင်ရှိ ကားလမ်းပေါ်တွင် လေတား၊ ရေတား ကုန်းမြင့်များ ဖန်တီး၍ မုန်တိုင်းတိုက်ခတ်ချိန်တွင် ခိုလှုံနိုင်အောင် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အနီးပတ်ဝန်းကျင်ရှိကုန်းမြင့်များ၊ တောင်ကုန်းများပေါ်သို့ တက်ရောက်ခိုလှုံနိုင်ရန် နေရာများရွေးချယ်ပြီး ကျေးရွာအလိုက် ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ရမည်ဖြစ်ကြောင်း၊ လေဒဏ်၊ လှိုင်းဒဏ်ကာကွယ်နိုင်ရန် ရေရှည်အတွက် ဒီရေတောများကိုလည်း ကမ်းခြေတစ်လျှောက် စိုက်ပျိုးရမည်ဖြစ်ကြောင်း။

ထို့အပြင် လေဒဏ်၊ လှိုင်းဒဏ်ခံနိုင်အောင် အိမ်များနှင့်အခြားအဆောက်အအုံများကို ခိုင်ခိုင်ခံ့ခံ့ ဆောက်လုပ်နေထိုင်ကြရန်လိုအပ်ကြောင်း၊ အလုပ်ကို ကြိုးစားလုပ်ပြီး ရှာဖွေရရှိသည့်ငွေကြေးကို စုဆောင်း၍ သားစဉ်မြေးဆက် နေနိုင်သည့် အခိုင်အမာအိမ်များ ဆောက်လုပ်နေထိုင်ခြင်းအားဖြင့် မိမိတို့၏ အသက်ဘေး လုံခြုံစိတ်ချရမည်ဖြစ်ကြောင်း၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားသဘောမျိုး မနေဘဲ မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၏ သေကျေ

ရခိုင်ြ

- စစ်တွေ-ပုဏ္ဏားကျွ
  အမ်းမြို့အထိ ရဝ
  အနောက်ဘက်ခြမ်
  အတွက် မီးရထား
  အဆိုပါမီးရထားလ
- မင်းဘူး-အမ်း-စစ်
  သကဲ့သို့ စစ်ေ
  (မင်းချောင်း)မှ
  ၃၄မိုင်၊ ကျောက်ေ
  စုစုပေါင်း ၉၉မိုင်

...န်းပြီး လူဦးရေသုံးသန်းကျော်သည့် တိုင်းရင်းသားပေါင်းစုံတို့ စုပေါင်းနေထိုင်လျက်ရှိ ...ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီး

ပျက်စီးဆုံးရှုံးမှုဖြစ်ရပ်ကို သင်ခန်းစာယူပြီး မိမိတို့ဒေသတွင် အလားတူ ဆုံးရှုံးမှုများ မဖြစ်ပွားစေရအောင် သတိရှိစွာဖြင့် နေထိုင်လုပ်ကိုင် ပြင်ဆင်ထားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက နိုင်ငံတော်အကြီးအကဲက မြန်မာ့မီးရထားကို အမျိုးသား မီးရထားကွန်ရက်ဖြစ်စေရန်၊ အမျိုးသား ရထားကွန်ရက်ဖြစ်စေရေးအတွက် ပြည်နယ်နှင့် တိုင်းအားလုံး ရထားလမ်းများဖောက်လုပ်ရန်၊ ကျန်ရှိနေသော ရခိုင်ပြည်နယ်တွင်လည်း ရထားလမ်း အမြန်ဆုံးဖောက်လုပ်ပေးရန် လမ်းညွှန်မှာကြားခဲ့မှု အခြေအနေ၊ လမ်းညွှန်ချက်နှင့်အညီ ယခုဆိုလျှင် မင်းဘူး-ပဒန်း-အမ်း ရထားလမ်းဖောက်လုပ်ရန် မြေပြင်တိုင်းထွာမှုများ စတင်ဆောင်ရွက်နေမှု အခြေအနေ၊ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းကို မင်းဘူးအပိုင်းမှ စတင်ဆောင်ရွက်သကဲ့သို့ စစ်တွေဘက်မှလည်း အပိုင်းလေးပိုင်းအဖြစ် စစ်တွေ(မင်းချောင်း)မှ ပုဏ္ဏားကျွန်း ၂၆မိုင်၊ ပုဏ္ဏားကျွန်းမှ ကျောက်တော် ၃၄မိုင်၊ ကျောက်တော်မှ မြောက်ဦး ၂၃မိုင်၊ မြောက်ဦးမှ မင်းပြား ၁၆မိုင် စုစုပေါင်း၉၉မိုင်ကို ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရှိပြီးဓာတ်အားပေး စက်ရုံများမှ စက်စွမ်းအားပြည့် ထုတ်လုပ်ပေးနိုင်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် အရင်းအမြစ်များ ရှာဖွေရေး၊ လက်ရှိလုပ်ဆောင်နေသော စီမံကိန်းများ အမြန်ဆုံးပြီးစီးရေးဆိုသည့် ရည်ရွယ်ချက်(၃)ရပ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ **ရခိုင်ပြည်နယ်အတွင်းတွင်လည်း လိုအပ်သော လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် သူ့ငွေချောင်းရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီး ဘူးသီးတောင်မြို့နယ်တွင် စိုင်တင်ရေအားလျှပ်စစ်စီမံကိန်းကို ဝန်ကြီးဌာနရှိ နည်းပညာရှင်များဖြင့် ဆောင်ရွက်သွားမည့်အခြေအနေ၊ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်း သုံးခုပြီးစီးသွားပါက ရခိုင်ပြည်နယ်တွင် လျှပ်စစ်မီးလုံလောက်စွာရရှိသွားနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

လျှပ်စစ်မီး

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က နိုင်ငံတော်တစ်ဝန်းတွင် ဓာတ်အားကွန်ရက်စနစ် စီမံဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် တနင်္သာရီတိုင်းသာ ကျန်ရှိသည့်အခြေအနေနှင့် အဆိုပါ ပြည်နယ်နှင့် တိုင်းများကိုလည်း ဓာတ်အားကွန်ရက်စနစ်ရရှိရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေ၊ သူ့ငွေချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းများ ပြီးစီးပါက ရခိုင်ပြည်နယ်တွင် လျှပ်စစ်မီး တိုးတက်ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မည်

- စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြားမြို့များမှ စ၍ အမ်းမြို့အထိ ရထားလမ်းဖောက်လုပ်ပြီး အမ်းမြို့မှတစ်ဆင့် ရောဝတီ အနောက်ဘက်ခြမ်းရှိ ရထားလမ်းနှင့် ဆက်သွယ်သွားမည်၊ တစ်နိုင်ငံလုံး အတွက် မီးရထားသံလမ်း မိုင်၁၀၀၀ စာကို ပြည်ပမှ ဝယ်ယူနေပြီဖြစ်၍ အဆိုပါမီးရထားလမ်းကို အမြန်ဆုံး စတင် ဖောက်လုပ်သွားမည်။
- မင်းဘူး-အမ်း-စစ်တွေရထားလမ်းကို မင်းဘူးအပိုင်းမှ စတင်ဆောင်ရွက်သကဲ့သို့ စစ်တွေဘက်မှလည်း အပိုင်း လေးပိုင်းအဖြစ် စစ်တွေ (မင်းချောင်း)မှ ပုဏ္ဏားကျွန်း ၂၆ မိုင်၊ ပုဏ္ဏားကျွန်းမှ ကျောက်တော် ၃၄ မိုင်၊ ကျောက်တော်မှ မြောက်ဦး ၂၃ မိုင်၊ မြောက်ဦးမှ မင်းပြား ၁၆ မိုင် စုစုပေါင်း ၉၉ မိုင် ဖောက်လုပ်သွားမည်။
- ရခိုင်ပြည်နယ်တောင်ပိုင်းတွင် သူ့ငွေချောင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးကို မိမိတို့ကြိုးပမ်းဆောင်ရွက်နေ၊ တည်ဆောက်ပြီးပါက လျှပ်စစ်မီး တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၄၁၇သန်း ဖြန့်ဖြူးပေးနိုင်မည်။
- ရခိုင်ပြည်နယ်မြောက်ပိုင်းအတွက်ပါ လျှပ်စစ်မီးရရှိစေရန် စိုင်တင် ရေအားလျှပ်စစ် စက်ရုံကိုတည်ဆောက်မည်။ စက်ရုံပြီးစီးပါက လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၂၃၆သန်း ရရှိနိုင်ပြီး စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား အထိ လျှပ်စစ်မီးရရှိနိုင်မည်။
- ရခိုင်ပြည်နယ်သည် မိုးများသည့်ဒေသဖြစ်၍ လမ်းများပျက်စီးမှုကို နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်အောင် ပြုပြင်ပေးသွားမည်။

စာမျက်နှာ ၉ မှ

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက **ယနေ့ ပညာခေတ်တွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်မြင်သံကြား၊ ရေဒီယို၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် သတင်းစာတို့ဖြင့် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ရခိုင်ပြည်နယ်တွင် မြန်မာ့ ရုပ်မြင်သံကြား ကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်ရေးအတွက် ရှိပြီးစက်များကို လွှင့်အားမြှင့်တင် ဆောင်ရွက်မည့် အခြေအနေ၊ စစ်တွေမြို့တွင် MRTV-4 ကြည့်ရှုနိုင်ရေး ဆောင်ရွက်ပေးထားမှုအခြေအနေ၊ ရေဒီယိုကြည်လင်ပြတ်သားစွာ နားဆင်နိုင်ရေးအတွက် စက်သစ်များ တပ်ဆင်ပေးမည့်အခြေအနေ၊ ယခုနှစ်မှစတင်၍ ငွေကုန်ကျ သက်သာစွာဖြင့် FM စနစ်ကို ဖမ်းယူနားဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးလေဝသသတင်းများကို FM လိုင်းမှ ဖမ်းယူနားဆင်ခြင်းဖြင့် မုန်တိုင်းအန္တရာယ်ကာကွယ်နိုင်မည့်အခြေအနေ၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ပေးထားမှုနှင့် အဆိုပါ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန်လိုအပ်မှုအခြေအနေ၊ ပြည်သူများ နေ့စဉ်သတင်းစာ ဖတ်ရှုနိုင်ရေးအတွက် စစ်တွေမြို့တွင် သတင်းစာတိုက်ခွဲတည်ထောင်ပေးထားမှုအခြေအနေနှင့် အရည်အသွေးကောင်း သတင်းစာများ ဖတ်ရှုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။**

သတိပေးကြေညာ

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက **မြန်မာ့လေကြောင်း၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့က ရခိုင်ပြည်နယ်ရှိ ပြည်သူများသက်သာစွာဖြင့် သွားလာနိုင်ရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်နိုင်ရေး စီစဉ်ပေးနိုင်မှုအခြေအနေ၊ စစ်တွေ၊ အမ်း၊ ကျောက်ဖြူ၊ သံတွဲလေယာဉ်ကွင်းများ အဆင့်မြှင့်တင်ရေးဆောင်ရွက်ပေးမှုအခြေအနေ၊ ကုလားတန်မြစ်စီမံကိန်းကို ပလက်ဝအထိစီမံဆောင်ရွက်ထားရှိမှု အခြေအနေ၊ မုန်တိုင်းသတင်းများ ကြိုတင်သိရှိရေးအတွက် သတိပေးကြေညာမှုနှင့် အဆိုပါသတိပေးကြေညာချက်၏ အတိမ်အနက်ကို အောက်အခြေအထိသိရှိရေး ဆောင်ရွက်ပေးပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ဆောင်ပေးရန်လိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ရှင်းလင်းတင်ပြ

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က **ဒီရေတောများသည် ရေငန်ဝင်ရောက်မှုကို ကာကွယ်နိုင်ခြင်း၊ ရေသတ္တဝါများ အသက်ရှင်သန် မျိုးပွားနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သဖြင့် ရာသီဥတု ထိန်းသိမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများပေးနိုင်သဖြင့် ဒီရေတောများကို ကာကွယ်ထိန်းသိမ်းရေးနှင့် ပျက်စီးသွားသောဒီရေတောများ ပြန်လည်စိုက်ပျိုးရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ယင်းနောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက **ရခိုင်ပြည်နယ်၏ စီးပွားရေးလုပ်ငန်းသည် သားငါးကဏ္ဍတွင် အဓိက အခန်းကဏ္ဍမှပါဝင်သဖြင့် ရေရှည် ငါး၊ ပုစွန်များထုတ်လုပ်နိုင်ရေးအတွက် ဖမ်းဆီးခွင့်မပြုသော တားမြစ်ဧရိယာများတွင် မဖမ်းရေးနှင့် သားပေါက်ချိန်များတွင် မဖမ်းရေးအခြေအနေ၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလှေ၊ သင်္ဘောများအန္တရာယ်ကင်းရှင်းရေးအတွက် ကြပ်မတ်စစ်ဆေး ဆောင်ရွက်ပေးမှုအခြေအနေ၊ ကြက်ငှက်တုပ်ကွေးရောဂါကို အသိပညာပေးဆောင်ရွက်ခြင်းဖြင့် ကာကွယ်နိုင်မှုအခြေအနေ၊ တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများမှ Bio Gas ဖြင့်မီးသားစုသုံး လျှပ်စစ်ထုတ်ယူသုံးစွဲနိုင်မှုအခြေအနေ၊ ကျေးလက်နေပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်း၊ မျိုးသန့်တိရစ္ဆာန်များ ဖြန့်ဝေပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က **ရခိုင်ပြည်နယ်တွင် စာတိုက်၈၂ခု၊ ကြေးနန်းရုံး ၂၇ခုဖွင့်လှစ်ထားမှု၊ တယ်လီဖုန်းဆက်ကြောင်းများ တည်ဆောက်ပေးနေမှုနှင့် ပြီးစီးမှုအခြေအနေ၊ ဆက်သွယ်ရေး ကွန်ရက် ရခိုင်ပြည်နယ်တွင် လွှမ်းခြုံနိုင်ရေးဆောင်ရွက်ပေးမှု၊ အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးထားမှု၊ Mobile တယ်လီဖုန်းများ တပ်ဆင်ပေးထားမှုနှင့် ပင်လယ်ပြင်သုံး တယ်လီဖုန်း:CDMA 450 စနစ်တည်ဆောက်ပေးထားမှု၊ IT ကို ရခိုင်ပြည်နယ်တွင် မျှမျှတတဖြစ်စေရေး စီစဉ်ပေးထားမှုအခြေအနေနှင့် တည်ဆောက်ပေးထားသည့် Fiber Cable များကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးရန်လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။**

စနစ်တကျ

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းက **နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ငွေများရရှိရေးဆောင်ရွက်မှုနှင့် အဆိုပါရရှိငွေများမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြန်လည်သုံးစွဲမှုအခြေအနေ၊ ငွေကြေးဆိုင်ရာများ စနစ်တကျစီမံဆောင်ရွက်ထားရှိမှုကြောင့် လက်ရှိခိုင်မာမှုရှိနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က **လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရတစ်ခုတည်းက လုပ်ဆောင်နေ၍မရကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများကလည်း ဦးထမ်း၊ ပွဲထမ်းကာ ပြည်ထောင်စုကြီးတစ်ခုလုံး တိုးတက်စေရမည် ဆိုသည့် ခံယူချက်ဖြင့် ကြိုးစားသွားကြရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာနိုင်ငံဖြစ်သဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်ထာဝရမွေးမြူသွားကြရန်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။**

(သတင်းစဉ်)

အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် ဆောက်လုပ်ရေးနှင့်စွမ်းအင် အကြိတ်အနယ်ကစားပြီး အနိုင်ရ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း–ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၀၈–၂၀၀၉ ဘောလုံးရာသီမြန်မာလိဂ်(အဆင့်မြင့်တန်း)အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးအသင်းနှင့် စွမ်းအင်အသင်းတို့ နိုင်ပွဲရရှိသွားပါတယ်။

သုဝဏ္ဏကွင်း

ဆောက်လုပ်ရေးအသင်း – သုံးဂိုး
ပို့ဆောင်ရေးအသင်း – နှစ်ဂိုး

သစ်တောရေးရာအသင်းကို အနိုင်ရပြီး အမှတ်ပေးဇယား ထိပ်ပိုင်းနားကို ရောက်ရှိနေလို့ စိတ်ဓာတ်တက်နေတဲ့ ဆောက်လုပ်ရေးအသင်းဟာ ယခုပွဲမှာလည်း အနိုင်ရဖို့အတွက် လူစုံထုတ်ပြီး ယှဉ်ပြိုင်ခဲ့ပါတယ်။ ဆောက်လုပ်ရေးအသင်းဟာ တင်ဇော်မိုး၊ စိုးသီဟအောင်တို့ရဲ့ ဂိုးတွေနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ချေပဂိုးတွေ ပြန်ပေးရတာကြောင့် အနိုင်ရဖို့ နောက်ဆုံးမိနစ်အထိ ပြန်ကြိုးစားခဲ့ရပါတယ်။ ပို့ဆောင်ရေးအသင်းဟာ နောက်ကလိုက်ကစားခဲ့ရပြီး သရေရဖို့ အခွင့်အရေးပြန်ရခဲ့ပေမယ့် မိမိရရ ဆုပ်ကိုင်ထားနိုင်ခြင်းမရှိတာကြောင့် ပွဲပြီးခါနီးမှာ ဂိုးထပ်ပေးရပြီး အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ စီးပွား/ကူးသန်းနဲ့ ဘဏ္ဍာ/အခွန်ကို ရှုံးနိမ့်တာကလွဲရင် ရလဒ်ကောင်းတွေ ရရှိနေတဲ့ ဆောက်လုပ်ရေးကတော့ အဆင့် (၄) နေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။

ခြေညီ

ခြေညီတဲ့ အသင်းနှစ်သင်းဖြစ်တာကြောင့် ပွဲစကတည်းက အပြန်အလှန်ရှိခဲ့ပါတယ်။ ဆောက်လုပ်ရေးအသင်းက တွဲလုံးတွေနဲ့ ထိုးဖောက်ခဲ့ပြီး ပို့ဆောင်ရေးအသင်းကတော့ နောက်ကနေ ဂိုးရှေ့ကို တင်ပေးပြီး ရှေ့တန်းမှ အလိမ်အခေါက် အတိုးအကြိတ်တွေနဲ့ ထိုးဖောက်ဖို့ ကြိုးပမ်းခဲ့ပေမယ့် ၁၃မိနစ်မှာ ပြည့်ဖြိုးဦးရဲ့ပြစ်ဒဏ်ဘောကန်ချက် ဂိုးဝင်သွားပေမယ့် ဒိုင်က တစ်ဆင့်ကန် သတ်မှတ်ထားတာကြောင့် ပို့ဆောင်ရေးနစ်နာခဲ့ရပါတယ်။ ဒီဂိုးမရလိုက်တာဟာ ပို့ဆောင်ရေးအတွက် အလှည့်အပြောင်း ဖြစ်သွားပြီး ဂိုးတွေဆက်တိုက်ပေးလိုက်ရပါတယ်။ ၁၈မိနစ်မှာ ထွန်းလင်းအောင်ရဲ့ ပြစ်ဒဏ်ဘောက တစ်ဆင့် တောင်ပံကစားသမား တင်ဇော်မိုးက ဆောက်လုပ်ရေးအတွက် ဖွင့်ဆော်ဦးဂိုး စတင်သွင်းယူခဲ့ပါတယ်။

ဂိုးရပြီးနောက်ပိုင်းမှာ ဆောက်လုပ်ရေး ခြေအသာရသွားပြီး တောက်လျှောက်ဖိအားပေးနိုင်ခဲ့ပါတယ်။ သုံးမိနစ်အကြာမှာ ဒုတိယဂိုးထပ်ရသွားပြီး ခင်မင်းကန်တင်ပေးတဲ့ ထောင့်ကန်ဘောကို စိုးသီဟအောင်က ပိတ်သွင်းယူခဲ့ရာမှာ ဘားတန်းထိဝင်ခဲ့တာဖြစ်ပါတယ်။ နှစ်ဂိုးဆက်တိုက်ပေးလိုက်ရတာကြောင့် ပို့ဆောင်ရေး ကစားအား ပြန်တင်လာပါတယ်။ ၄၁မိနစ်မှာ ပို့ဆောင်ရေးက ထက်အောင်ရဲ့ထိုးဖောက်မှုကို ဆောက်လုပ်ရေး နောက်ခံလူ နေအောင် ဖျက်ထုတ်တာ ကြမ်းတမ်းမှုကြောင့် ပို့ဆောင်ရေး ကန်ခွင့်ရခဲ့ပါတယ်။ အဲဒီပယ်နယ်တီကို နောက်ခံလူ ကျော်ဒွန်းက ကန်သွင်းယူခဲ့လို့ ပို့ဆောင်ရေး ပထမ ချေပဂိုးရရှိခဲ့ ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာ ဆောက်လုပ်ရေးအသင်းဟာ အနိုင်ကို ထိန်းဖို့အတွက် ကွင်းလယ်လူစိုးသီဟအောင်ကို နောက်တန်း ဆင်းကစားခိုင်းပြီး ခံစစ်လုံအောင် လုပ်ခဲ့ပါတယ်။ ဆောက်လုပ်ရေး အသင်းဟာ တန်ပြန်တိုက်စစ်နဲ့သာ ထိုးဖောက်ခဲ့ပေမယ့် ဂိုးသွင်းခွင့်တွေ ရခဲ့ပြီး စည်သူသန်းနဲ့ တင်ဇော်မိုးတို့ အသုံးမချနိုင်ခဲ့လို့သာ ဂိုးထပ်မရခဲ့တာပါ။ ဆောက်လုပ်ရေးအသင်း ဂိုးထပ်မသွင်းနိုင်လို့ ချေပဂိုးရဖို့ တရစပ်ဖိကစားနေတဲ့ ပို့ဆောင်ရေးအသင်း အားတက်လာပြီး ပိုဖိအားပေးလာနိုင်ပါတယ်။ ၇၄မိနစ် မှာတော့ ပို့ဆောင်ရေးအသင်း နောက်ထပ် ချေပဂိုးရသွားပြီး ထက်အောင်ပေးတာကို ကြည်လင်းက သွင်းယူခဲ့တာ ဖြစ်ပါတယ်။ သရေရသွားပေမယ့် ပို့ဆောင်ရေးအသင်း ဆက်ပြီး ဖိအားမပေးနိုင်တာကြောင့် ဆောက်လုပ်ရေး ပြန်ဖိကစားနိုင်ခဲ့ပါတယ်။ ဆောက်လုပ်ရေးအတွက် သုံးမှတ် အပြည့်ရစေမယ့် အနိုင်ဂိုးကို ၈၉မိနစ်မှာ တင်ဇော်မိုးကပဲ သွင်းယူသွားခဲ့ပါတယ်။

အောင်ဆန်းကွင်း

စွမ်းအင် – တစ်ဂိုး
မြို့တော်စည်ပင် – ဂိုးမရှိ

စွမ်းအင်အသင်းမှာ အခုပွဲအနိုင်ရခဲ့တာကြောင့် တတိယနေရာမှာ ဆက်လက်ရပ်တည်ခွင့်ရသွားပြီး ရှုံးပွဲဆက်နေတဲ့ မြို့တော်စည်ပင်အသင်းကတော့ တန်းဆင်းဇုန်ထဲက ရုန်းမထွက်နိုင်သေးဘဲ ရှိနေပါတယ်။ စွမ်းအင်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုတော့ ၈၅မိနစ်မှာ သန်းဇော်လင်းက သွင်းယူခဲ့ပါတယ်။

ယနေ့ပွဲ

အောင်ဆန်းကွင်း

စီးပွား/ကူးသန်းနှင့်
Air BaganF.C

သုဝဏ္ဏကွင်း

ပြည်ထဲရေးနှင့်
ကာကွယ်ရေးဝန်ကြီးဌာန။

(မြန်မာ့အလင်း)

ဆောက်လုပ်ရေးအသင်းအတွက် ပထမဂိုးကို တောင်ပံကစားသမား တင်ဇော်မိုး ပို့ဆောင်ရေးနောက်ခံလူ မျိုးမြင့်အောင် ဖျက်ထုတ်သည့်ကြားမှ သွင်းယူနေစဉ်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

ညအပူချိန် လွိုင်လင်တွင် သုညဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်၌ ၂ဒီဂရီစင်တီဂရိတ်ရှိနေ

ရန်ကုန် ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၂၇ရက်က ဖြစ်ပေါ်ခဲ့သောရာသီဥတုအခြေအနေကိုတင်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ဇန်နဝါရီ ၂၈ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၂၈ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့်သာယာမည်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား – မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြန်မာ့ရုပ်မြင်သံကြား

၂၈–၁–၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ အဆိုပြိုင်ပွဲ

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ သီချင်းကြီးပဒေသာ
- ၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၄၀ ၅။ တေးဂီတအစီအစဉ်
- ၄း၅၀ ၆။ **အမျိုးနှင့် မျိုး** နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ ဈေး၊ ဝင်းနိုင်(အနုပညာ) (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
- ၅း၀၀ ၇။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (အင်္ဂလိပ်စာဘာသာရပ်) (အပိုင်း–ခ)
- ၅း၃၀ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၄၀ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅း၅၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၅၀ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၂၀ ၁၅။ ရှသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- လူငယ့်အားမာန် မိုးယံဆီသို့ ပြဇာတ် (ပထမဆု) ဧရာဝတီတိုင်း

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ဂေါ့အင်းကျေးရွာ၌ ရင်ချင်းဆက်အမြွှာမိန်းကလေးမွေးဖွား

ထားဝယ် ဇန်နဝါရီ ၂၇

တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ဂေါ့အင်းကျေးရွာနေ ကိုတင်ဌွေး(အသက်၂၇နှစ်)၏ဇနီး မညိုညိုစန်း(အသက်၂၇နှစ်)မှ သမီးဦး ရင်ချင်းဆက်အမြွှာကို လောင်းလုံးဆေးရုံကြီးတွင် ခွဲစိတ်သမားတော် ဆရာဝန်ကြီး ဒေါက်တာစိုးနိုင်နှင့် ဆေးရုံဝန်ထမ်းများက ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီခွဲ၌ အောင်မြင်စွာခွဲစိတ်မွေးဖွားပေးခဲ့ပြီး အမြွှာရင်ချင်းဆက် ကလေးပေါင်းချိန်မှာ ၅ဒသမ၅ ကီလိုဂရမ်ရှိသည်။ မိခင်နှင့်ကလေး ကျန်းမာရေးကောင်းမွန်၍ ရင်ချင်းဆက်အမြွှာကလေးနှစ်ဦးမှာ ကျန်းမာရေးကောင်းမွန်နေသည်ကို တွေ့ရသည်။

(ယာပုံ)

ရန်ကုန်မြို့ ကလေးဆေးရုံကြီးသို့ ပို့ဆောင်၍ ခွဲစိတ်ကုသရန် စီစဉ်ထားသည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ –
သတင်းထောက် ခင်မောင်ကြီး (ထားဝယ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းငွေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ်	၁ ချပ်	ကျပ် ၂၂၀၀၀နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥတုရာသီ တောကိုမို၏



ဇန်နဝါရီ၂၃ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် မူးယစ်ဆိုးကျိုးနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပရာ မူးယစ် ကြီးကြပ်ရေးမှူး သာကေတမြို့နယ်တာဝန်ခံ ဦးကျော်စွာဝင်း (မောင်ကျော်စွာ-ဒဂုံတက္ကသိုလ်)က လူမှုဝန်ထမ်းဦးစီးဌာန၏ နောက်ဆက်တွဲ စောင့်ရှောက်ရေးနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်း ဆွေးနွေးဟောပြောစဉ်။ (လူမှုဝန်ထမ်း)

တရုတ်ကမ်းလွန်၌ လှိုင်းကြီးနိုင်ပြီး ဂျပန်၌ တိမ်ထူထပ်၊ အရှေ့အာရှနိုင်ငံ အချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၂၇

အရှေ့အာရှဒေသရှိ နိုင်ငံအချို့တွင် ဇန်နဝါရီ ၂၇ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်များကို အင်တာနက်မှရယူကာ စုစည်းဖော်ပြလိုက်ပါသည်-

တရုတ်

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဇန်နဝါရီ ၂၇ရက်က ပျမ်းမျှအပူချိန် ၄ဒီဂရီ စင်တီဂရိတ်သာရှိခဲ့သည်။ တစ်နိုင်ငံလုံး ပျမ်းမျှအပူချိန်မှာ ၃ဒီဂရီ စင်တီဂရိတ်ရှိခဲ့ပြီး နံနက်ပိုင်း ဆီးနှင်းများ နေရာဒေသအများအပြား၌ ကျဆင်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တရုတ်နိုင်ငံ မြောက်ပိုင်းဒေသအချို့တွင် အအေးလှိုင်းကျနိုင်ဖွယ်ရှိပြီး ကျန်ဒေသများ၌ တိမ်ထူထပ်မည်ဖြစ်သည်။ တရုတ်ကမ်းလွန်တွင် တစ်နာရီ မိုင်၄၀နှုန်း တိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်မည်ဖြစ်သည်။ တရုတ်ကမ်းခြေဒေသများ၌ မိုးအနည်းငယ် ရွာနိုင်သော်လည်း ကျန်ဒေသများ၌ သာယာမည်ဖြစ်ကြောင်း ဖော်ပြသည်။

ဂျပန်

ဂျပန်နိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၂၇ရက်က ပျမ်းမျှအပူချိန် နေ့ပိုင်း၌ ၃ဒီဂရီစင်တီဂရိတ်သာရှိခဲ့ပြီး ညအပူချိန် ၉ဒီဂရီ စင်တီဂရိတ်ရှိခဲ့သည်။ ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် တိမ်များဖြစ်ထွန်းပြီး အချို့နေရာများ၌ မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ နေ့အပူချိန် ဆက်လက်ကျဆင်းနိုင်မည်ဖြစ်သော်လည်း ညအပူချိန်အနည်းငယ် ပြန်လည်မြင့်တက်နိုင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံနေရာဒေသအများအပြား၌ တိမ်ထူထပ်ပြီး မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများ၌ တစ်နာရီမိုင် ၃၀နှုန်း လေများတိုက်ခတ်နိုင်သည်။ ဂျပန်ကမ်းလွန်၌ လှိုင်းအသင့်အတင့်သာရှိမည်ဖြစ်ကြောင်း ခန့်မှန်းသည်။

တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဇန်နဝါရီ ၂၇ရက်က နေ့အပူချိန်-၁ ဒီဂရီစင်တီဂရိတ်အထိကျဆင်းခဲ့ပြီး ဆီးနှင်းများ အဆက်မပြတ် ကျဆင်းခဲ့သည်။ တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ဒေသများ၌ ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့ပြီး တစ်နိုင်ငံလုံး အအေးပိုခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ တောင်ကိုရီးယားနိုင်ငံတစ်ဝန်း အပူချိန်များ ဆက်လက်ကျဆင်းမည်ဖြစ်ပြီး မြောက်ပိုင်းဒေသများတွင် အအေးလှိုင်းကျရောက်နိုင်သည်။ တောင်ကိုရီးယားကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းကျရောက်ပြီး တစ်နာရီ မိုင် ၄၀နှုန်း လေပြင်းများတိုက်ခတ်နိုင်သည်။ ထို့အပြင် ကမ်းရိုးတန်းဒေသများ၌ မိုးရွာသွန်းနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မြောက်ကိုရီးယား

မြောက်ကိုရီးယားနိုင်ငံတစ်ဝန်း ဇန်နဝါရီ ၂၇ရက်က ပျမ်းမျှအပူချိန်-၃ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ မြို့တော် ပြုံယမ်း၌ နေ့အပူချိန် ၇ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ ပြုံယမ်းမြို့တွင် ဆီးနှင်းများကျဆင်းခဲ့ပြီး မြောက်ဘက်မှ လေအေးများ တစ်နာရီ ၁၃မိုင်နှုန်း တိုက်ခတ်ခဲ့သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပြုံယမ်းမြို့တွင် အအေးအနည်းငယ်လျော့သွားနိုင်သည်။ အရှေ့မြောက်ပိုင်းဒေသများတွင် တိမ်ထူထပ်ပြီး အချို့ဒေသများ၌ သာယာနိုင်မည်ဖြစ်သည်။ သို့သော် မြောက်ပိုင်းဒေသအချို့၌ ဆီးနှင်းများ ဆိုးရွားစွာကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။ ။ **(အင်တာနက်)**

ရေတွင်းတူးဖော်ခြင်း ကွင်းဆင်းကြပ်မတ်

မင်းကင်း ဇန်နဝါရီ ၂၇

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တူးဖော်ဆောင်ရွက်လျက်ရှိသော ကန်ကျေးရွာ ရေတွင်းတူးဖော်ခြင်းကို အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

IBTC Open Golf Championships

ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co.,Ltd.က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(Myanmar Golf Tour 2008-2009)၏ တတိယပွဲစဉ်အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့ နံနက်ဂုနာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ မင်းနိုင်(Srixon)နှင့် စိုးကျော်နိုင်(Srixon)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၃ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိကြသည်။

မြင့်သောင်း(Srixon)က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် ဒုတိယ၊ နိုင်နိုင်လင်း(Srixon)၊ ကျော်သီဟ(KM Golf Centre)နှင့် သန်းနိုင်(Srixon) တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၅၀ စီဖြင့် တတိယ၊ မျိုးခိုင်က နှစ်ရက်ပေါင်း ရိုက်ချက် ၁၅၁ ချက်ဖြင့် စတုတ္ထလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် မြင့်ကိုက နှစ်ရက်ပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဦးဆောင်ကစားလျက်ရှိသော မင်းနိုင် **(Srixon)**၏ ရိုက်ဟန်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဘိုဘိုက နှစ်ရက်ပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် ဒုတိယလိုက်၍ သူရကျော်က နှစ်ရက်ပေါင်းရိုက်ချက် ၁၅၇ချက်ဖြင့် တတိယလိုက်နေပြီး နေဗလဝင်းမြင့်က နှစ်ရက်ပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် စတုတ္ထလိုက်နေသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co.,Ltd.ကအဓိကကူညီပံ့ပိုးပြီး၊ Co-Sponsors များဖြစ်ကြသော KBZ Bank Ltd., Air Bagan Ltd. Hotel Yangon, Ruby Dragon (Jade & Gems) Co.,Ltd. Srixon, MGW Construction Ltd. Myanmar Red Star International Co.,Ltd. KM Golf Centre, ACCEL International Co.,Ltd., (Canon), Alpine Purified Drinking Water, MY Associates Co.,Ltd.(Patronas)၊ ကျားခေါင်းဘီလပ်မြေ၊ Life Line Co.,Ltd.(DHEA Plus)နှင့် Eden Group Co., Ltd.တို့က ထပ်မံကာ ပံ့ပိုးကူညီကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ

(ကြာသပတေးနေ့-
နံနက်+နေ့လယ်+ည)
(၂၉-၁-၂၀၀၉)

၀၇:၀၀ အဖွင့်တီးလုံး+ နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း ကြေညာချက်
၀၇:၀၅ တရားတော် **ရတနသုတ်** ဓမ္မပူဇာတေးပဒေသာ
၀၇:၃၀ (၃၈)ဖြာမင်္ဂလာ
၀၇:၃၅ နံနက်ခင်းတေးပဒေသာ
၀၈:၀၀ စံတော်ချိန် + သတင်း
၀၈:၁၀ နံနက်ခင်းတေးပဒေသာ
၀၈:၃၀ လောကနီတိအသိရှိစေဖို့ ဘဝင်မမြင့်ပါစေနှင့်
၀၉:၀၀ အစီအစဉ်ပြီး၏။

၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး
၁၁:၄၅ သိပ္ပံပညာသိကောင်းစရာ ဦးနှောက်လုပ်ငန်း မပျက်ယွင်းအောင် ထိန်းသိမ်းဖို့
၁၁:၅၅ တေးသီချင်း
၁၂:၀၀ စံတော်ချိန် ဇာနည်စစ်သည် တေးပန်းချီ
၁၂:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ
၁၂:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။

၁၆:၀၀ အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး အောင်မြင်မှု
၁၆:၃၀ ပညာရေး အထူးအစီအစဉ်
၁၇:၀၀ အလုပ်အကိုင် အခွင့်အလမ်း တက္ကသိုလ်၊ ဒီဂရီကောလိပ် နည်းပြ
၁၇:၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ အေးရိပ်မှာ ချွေးသိပ်ပါတော့မယ်
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၂၅ ကျေးလက်ဆောင်ကမ်း အလှဝေဖြာပန်းဂန္ဓမာ
၁၈:၄၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ သုတစုံစွာသိမှတ်စရာ နိုင်ငံတော်သမိုင်းဆိုင်ရာ သက္ကရာဇ် အထောက်အထားများ (ဒေါက်တာဦးဖေဘဏ်)
၁၉:၄၀ ရေဒီယိုအရိပ်တေးအရိပ်
၂၀:၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀:၂၀ ခံစားနားဆင် မြန်မာတေးသံစဉ် စီးပွားရေးဦးတည်ချက်
၂၀:၅၀ သူ့လက်သံလက်စွမ်းပြ စန္ဒရားလှထွဋ်ရဲ့ စန္ဒရားလက်သံ
၂၁:၀၀ ဆောင်းပါး စာဖတ်ခြင်း လူမှုရေးဦးတည်ချက်
၂၁:၂၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

လက်ထပ်ပြီးစီးခြင်း

မန္တလေးမြို့နေ
ဦးအောင်ကျော်မြင့် (မန္တလေးကုန်တိုက်၊ ငြိမ်း) (မောင်ကြည်သာ၊ တောင်တွင်း)-
ဒေါ်ခင်စိုးဦး (အလက၊ ငြိမ်း) ၊ (သန့်လှဲ့စင်-မန်းတက္ကသိုလ်)တို့၏သား
မောင်မော်ကွန်း B.E (Electrical Power)
MNM Corporation Pte., Ltd, Singapore
နှင့်
ကျောက်မဲမြို့နေ ဗိုလ်မှူးချုပ်စံမြင့်ဦး-ဒေါ်ခင်သူတို့၏သမီး
မစန္ဒာမြင့် M.E (Mechatronics)
ကထိက၊ မော်လမြိုင် နည်းပညာတက္ကသိုလ်

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၀-၁-၂၀၀၉ ရက်တွင် ကျောက်မဲမြို့ ဗိုလ်မှူးချုပ်စံမြင့်ဦး-ဒေါ်ခင်သူတို့၏ နေအိမ်မင်္ဂလာတွင် မင်္ဂလာဆွမ်းကျွေးပြုလုပ်ကျင်းပပြီး ခရိုင်တရားသူကြီး ဒေါ်နှင်းသီတာ၏ ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မော်ကွန်း-မစန္ဒာမြင့်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့နေ ဦးအောင်ကျော်မြင့် (မန္တလေးကုန်တိုက်၊ငြိမ်း) (မောင်ကြည်သာ-တောင်တွင်း)-
ဒေါ်ခင်စိုးဦး (အလက-ငြိမ်း) (သန့်လှဲ့စင်-မန်းတက္ကသိုလ်)တို့၏သား
မောင်မော်ကွန်း B.E (Electrical Power)
MNM Corporation Pte.,Ltd, Singapore.
နှင့်
ကျောက်မဲမြို့နေ ဗိုလ်မှူးချုပ်စံမြင့်ဦး-ဒေါ်ခင်သူတို့၏ သမီး
မစန္ဒာမြင့် M.E (Mechatronics)
ကထိက၊ မော်လမြိုင် နည်းပညာတက္ကသိုလ်

တို့၏ ၂၄-၁-၂၀၀၉ရက်တွင် Oriental House(မန္တလေးမြို့)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကိုအားလည်းကောင်း၊ မင်္ဂလာပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့်ဇနီး ဒေါက်တာ ဒေါ်ခင်သီတာအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး ဒေါ်မိုးသီတာအားလည်းကောင်း၊ ၂၀-၁-၂၀၀၉ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော ခရိုင်တရားသူကြီး ဒေါ်နှင်းသီတာအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မခင်မူယာအေး၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မအေးအေးမွန်၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးသော ဒုတိယဗိုလ်ဖြိုးဦးဇော်နှင့် ဒုတိယဗိုလ်ရန်နိုင်ထွန်း၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးသော မမေသူခင်နှင့် မစိုးဒီပါအောင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် အလှဖန်တီးရှင် မသူဇာ၊ မင်္ဂလာအလှဓာတ်ပုံရိုက်ကူးပေးသော အရှေ့တိုင်းနှင့် ပန်းရွှေပြည်၊ Wai Wai (တိုင်ပေ)အားလည်းကောင်း၊ မင်္ဂလာပန်းအလှဆင်ပေးသော Oriental House မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော စစ်ဘက်၊ နယ်ဘက်မှ မိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မော်ကွန်း-မစန္ဒာမြင့်။

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ရက်သတ္တပတ် မှုခင်းကင်းမဲ့ရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ၂၆ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စမ်းချောင်းမြို့နယ် (စပယ်)ခန်းမ၌ ကျင်းပရာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦး အမှာစကား ပြောကြားစဉ်။
(၁၂၈)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၁)လမ်း၊ အမှတ်(၂/၃)နေ
ဦးမြင့်ဆွေ(M.S Plastic Machine Enterprise)-ဒေါ်ခင်အေး
တို့၏ သားကြီး
မောင်နေလင်းအောင်
B.Sc (Botany)
နှင့်
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၀)လမ်း၊ အမှတ်(၃၇၁)နေ
(ဦးမျိုးနိုင်)-ဒေါ်ခင်အေးမွန်တို့၏
တစ်ဦးတည်းသော သမီး
မအေးနန္ဒာမျိုးနိုင်
B.Sc (Physics)

တို့၏ ၂၇-၁-၂၀၀၉ရက် (အင်္ဂါနေ့)တွင် Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမျိုးမြင့်နှင့်ဇနီး ဒေါ်တင်တင်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း၊ အဝေးသင်တက္ကသိုလ်)နှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာမြတ်သူ (အာရှတော်ဝင် အထူးကုဆေးခန်း အုပ်ချုပ်မှုဒါရိုက်တာ)နှင့် ဇနီး ဒေါ်ခင်ချိုဦး(တော်ဝင်အထူးကုဆေးခန်း ဒါရိုက်တာ)တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ၌ လက်ဝတ်ရတနာ မေတ္တာဖြင့် ဆင်မြန်းပေးသော ဒေါ်မြင့်မြင့်အေး၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာအခါတော်ပေး သီချင်း သီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာဝတ်စုံ မမဇွန်၊ မိတ်ကပ် (စိုးစိုး၊ ပေါ်ပေါ်၊ မဆွေ)၊ မင်္ဂလာအခမ်းအနား ပန်းအလှဆင်ပေးပါသော ကိုလုလုနှင့်အဖွဲ့၊ ဓာတ်ပုံ USA မှ ခိုင်စု၊ ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးသော မောင်မောင်(သီတဂူ)၊ အစစအရာရာကူညီပေးသော ကိုနေသစ်မိုး၊ မငြိမ်း(Lion City)တို့အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့်တကွ ဝန်ထမ်းများ အားလုံးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေလင်းအောင်-မအေးနန္ဒာမျိုးနိုင်။

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာနှင့် ဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးနု-ဒေါ်မြရီတို့၏ မြေး
ဦးသက်တင်-ဒေါ်စန်းစန်းနုတို့၏ သားထွေး
မောင်ကြံတိုင်းအောင်
နှင့်
မုံရွာမြို့နေ ဦးမြို့-ဒေါ်ခင်မြို့နှင့် ဦးမောင်မောင်ကြီး-ဒေါ်ခင်ခင်သန်း၊
ရန်ကုန်မြို့နေ ဦးတင်မောင်အေး-ဒေါ်တင်မမတို့၏မြေး၊
ဦးသက်ညွှန့်-ဒေါ်တင့်တင့်မြိုင်တို့၏ သမီးထွေး
မအေးအေးသက်

တို့၏ ၂၈-၁၂-၂၀၀၈ ရက်(တနင်္ဂနွေနေ့)တွင် နေအိမ်၌ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲအတွက် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်လှိုင်၊ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးပါသော ဦးအောင်ငြိမ်းနှင့် ဇနီး ဒေါ်သန်းသန်းနု၊ ၂၉-၁၂-၂၀၀၈ ရက်တွင် မင်္ဂလာလက်ထပ်စာချုပ် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်စုငယ်(ဒုတိယညွှန်ကြားရေးမှူး၊ တရားမဌာန၊ တရားရုံးချုပ်)၊ ၃၁-၁၂-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် Summit Parkview Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများဆင်မြန်းပေးပါသော ဒေါက်တာဦးကိုကိုကြီး (ဒု-ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)နှင့် ဇနီး ဒေါ်ခင်ခင်ဌေး(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း၊ အလက-၂၊ မင်္ဂလာတောင်ညွန့်)၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒေါက်တာသန်းဌေး(C.P Group)နှင့် ဇနီး ဒေါက်တာ ဒေါ်ဖြူဖြူ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ မေတ္တာဖြင့်ကူညီပေးပါသော မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းနှင့် မင်္ဂလာတေးသံသာများ သီဆိုပေးပါသော ဒေါ်နှင်းရီသန့်နှင့် ဒေါ်ရီရီသန့် မြန်မာမှုတေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော လင်းသူရိယကြည် (Fujiko)နှင့် ဇေကက်တာရာကြည် (Fujiko)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ခင်ယမုံလွင်နှင့် စံဝေလွင်၊ သတို့သားအရံ မောင်ကောင်းဆက်ခိုင်နှင့် မောင်နိုင်လင်းကျော်၊ သတို့သမီးအရံ မအဏ္ဏဝါဝင်းနှင့် ဒေါက်တာပြုံးမဇွန်လွင်တို့အားလည်းကောင်း၊ သတို့သမီးမင်္ဂလာဝတ်စုံ မမဇွန် (Zu Zu Collection)၊ သတို့သားဝတ်စုံနှင့် သတို့သမီးလက်ဝတ်ရတနာများဆင်မြန်းပေးသော ခင်စန်းဝင်း၊ မင်္ဂလာပွဲတက်ဝတ်စုံများ ဖန်တီးပေးသော ပြည်စိုးအောင်၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် ကိုဦး၊ ဇေဇေ(ခင်စန်းဝင်း)၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် အေးဝင်းအောင်နှင့်အဖွဲ့၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် မအေး(Fujiko Beauty Center)၊ ၂၈-၁၂-၂၀၀၈ ရက် (တနင်္ဂနွေနေ့)ထိမ်းမြားမင်္ဂလာပွဲတွင် ဝတ်ဆင်သော သတို့သမီးဝတ်စုံနှင့် မင်္ဂလာပွဲတက်ဝတ်စုံများ စီစဉ်ချုပ်လုပ်ပေးသော ဒေါ်နုနုဇော်ဝင်းနှင့် ပူစူး Forever (ထာဝရ)၊ စန်းစန်းဦး၊ မင်္ဂလာပန်းအလှနှင့် မင်္ဂလာပန်းများ ဆင်မြန်းပေးသော နီနီပွင့်၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော မလိမ္မာ(မြန်မာစာ)နှင့်အဖွဲ့၊ ခင်ဇော်၊ သန့်ဇော် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေး၊ Summit Parkview Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အစစလိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ မင်္ဂလာလက်ဆောင်များပေးပို့ချီးမြှင့်ကြသော ရပ်ဝေး ရပ်နီး၊ အနယ်နယ်အရပ်ရပ်နှင့် ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကြံတိုင်းအောင်-မအေးအေးသက်။

မိုးကောင်းဈေးကုန်းရပ်၌ မီးလောင်မှုဖြစ်ပွား

မိုးကောင်း ဇန်နဝါရီ ၂၇

ကချင်ပြည်နယ် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက် အိမ်အမှတ် ၅၂၁၊ သုံးပင်× နှစ်ခန်းပတ်လည် သွပ်မိုး ထရံကာ ပျဉ်ခင်း နှစ်ထပ်နေအိမ်၌ ဇန်နဝါရီ ၁၆ရက် နံနက် ၉နာရီ ၃၅မိနစ်က မီးဖိုမီးကြွင်းမီးကျန်မှစတင်၍ မီးလောင်မှုဖြစ်ပွားရာ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ မီးသတ်မော်တော်ယာဉ်နှစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်မော်တော်ယာဉ်တစ်စီးတို့ဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၅၀တို့က ပြည်သူများနှင့် ပူးပေါင်း ငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၂၅မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ဒေါ်ချို၊ ဒေါ်နုနုနှင့် ဦးဌေးမောင်တို့ပိုင် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု သုံးစုမှ အမျိုးသားလေးဦး၊ အမျိုးသမီးလေးဦးနှင့် ကလေးငယ်သုံးဦး စုစုပေါင်း ၁၁ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ မီးစတင်လောင်ကျွမ်းမှုနှင့်စပ်လျဉ်း၍ အိမ်ရှင်ဒေါ်ချိုနှင့် ဖိုးပြုံးတို့အား မိုးကောင်းရဲစခန်းက ပြစ်မှုဆိုင်ရာ ပထမသတင်းပေးတိုင်ချက် အမှတ်စဉ် (ပ)၈/၂၀၀၉၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅အရ အမှုဖွင့်အရေးယူထားသည်။

(၀၀၁)

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ရှမ်းပြည်နယ်(မြောက်ပိုင်း)ရော်ဘာစိုက်ပျိုးမှု ကြည့်ရှုအားပေး

လားရှိုး ဇန်နဝါရီ ၂၇

မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းသည် အထွေထွေမန်နေဂျာ (နိုင်ငံပိုင်) ဦးမြတ်ရှိန်၊ အထွေထွေမန်နေဂျာ (သုတေသနနှင့်စက်ရုံများ) ဦးတင်ငွေတို့နှင့်အတူ ဇန်နဝါရီ ၁၄ ရက်က လားရှိုးမြို့မှ ၁၄ မိုင်အကွာ လားရှိုး မိုင်းယော်ကားလမ်းဘေးရှိ မန်ပြိန်းဒေသ ရော်ဘာဧက၁၀၀၀၀ အထူးဇုန်သို့ ရောက်ရှိလေ့လာကြသည်။

စိုက်ပျိုးမည်

လားရှိုးမြို့ရော်ဘာဧက၁၀၀၀၀ အထူးဇုန်သည်လုပ်ငန်းရှင်နှင့် ကုမ္ပဏီပေါင်း၁၃ခုမှ ၂၀၀၆ခုနှစ်တွင်စတင် ဖော်ထုတ်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ရော်ဘာဧက ၃၆၁၃ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မြေပြုပြင်ဆဲမှာ ဧက ၄၂၀၀ ရှိပြီး ၂၀၁၀-၁၁ခုနှစ်တွင် အပြီး စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေး

ဇန်နဝါရီ၁၅ရက်က ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ကွမ်းလုံ၌ အောင်မြင်စွာ ပျိုးထောင်ထားသော ရော်ဘာပျိုးခင်းများကို လည်းကောင်း၊ ၁၆ရက်တွင် ဟိုပန်မြို့နယ်၌ ရော်ဘာခြံလုပ်ငန်းရှင် ဦးကျန်ပါ၊ ဦးကျင်ဝမ်း၊ ဦးရှောက်ချမ်းတို့၏ ရော်ဘာအစေးထုတ်နေမှုကို လည်းကောင်း ကြည့်ရှု၍ ရော်ဘာအရည်အသွေးမြင့်မားရေးကို ဆွေးနွေးမှာကြားသည်။

လေ့လာ

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်က ကွမ်းလုံ၌ စိုက်ပျိုးထားသော ဘိန်းအစားထိုး ရော်ဘာဧက၁၀၀မှ အစေးထုတ်မှုများလေ့လာ၍ မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များ၏ စိုက်ပျိုးရေးစနစ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးကြကြောင်း သိရသည်။

(လားရှိုးကိုယ်ပွား)

ဇန်နဝါရီ ၁၄ရက်က ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မျောက်ချောကုန်း -ကြပ်ခေါင်း ကျေးလက်မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းအတွက် လက်ထောက်အင်ဂျင်နီယာ ဦးစောဟားနေ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာအင်္ဂလိပ်စာ (ရန်ကုန်တက္ကသိုလ်)

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်ကို လေ့လာမယ်ဆိုရင် ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကို သေသေချာချာ လေ့လာကြဖို့လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit (၁၄)ခု ပါရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ ဒီ Grade 11 EnglishText မှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section, နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက် မခြွင်းမချန် သိရှိထားကြဖို့လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲအင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီး မေးမှာဖြစ်ပါတယ်။ ယခင်နှစ်မေးခွန်းပုံစံတွေလိုပဲ မေးခွန်းကိုးပုဒ်မေးမှာ ဖြစ်တယ်။

<u>**မေးခွန်းနံပါတ်(၁)**</u>ကတော့ English Text မှာပါတဲ့ Unit (၁၄)ခုထဲက passage စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်ရဲ့အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား(၂)မျိုးနဲ့ မေးမှာ ဖြစ်တယ်။

Question No. 1(A) က **Write the correct word or words to complete each sentence** ဖြစ်တယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာဖြစ်တယ်။ Item ငါးခု မေးထားပြီး one word စာလုံးတစ်လုံး၊ ဒါမှမဟုတ် a group of words စကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာဖြစ်တယ်။

သတိပြုရမှာက စာပိုဒ်ထဲမှာပါတဲ့ စကားလုံးစကားစုတွေကို တိုက်ရိုက်ဖြည့်ထည့်လို့ ရချင်မှရမယ်။ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလိုပြောင်းရေးဖို့ လိုချင်လိုလိမ့်မယ်။ ဥပမာ - စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ verb form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ noun formဖြည့်ချင်ဖြည့်ရမယ်။ဥပမာ စာပိုဒ်ထဲမှာ As they do not have off days, they can also bring savings in material and energy. လို့ ပေးထားပေမယ့် မေးခွန်းမှာBy using robots, we can ------- materials and energy. လို့ ပေးထားရင်၊ ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက verb ဖြစ်ရပါမယ်။ ဒါကြောင့် savings ဆိုတဲ့စာပိုဒ်ထဲက noun form နဲ့ပေးထားတဲ့စကားလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့မရပါဘူး။ အဖြေမှန်ကsave ဖြစ်ပါတယ်။ တစ်ခါတစ်ရံ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice ကနေ passive voice ပြောင်းဖို့လိုချင်ရင်လို လိမ့်မယ်။ ဥပမာ Robots ထဲက စာကြောင်းတစ်ကြောင်းဖြစ်တဲ့ Used correctly, they can improve the quality of products ပေးထားပေမယ့်၊ မေးထားတဲ့ စာကြောင်းက The quality of products can-- by using robots correctly. လို့ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က active verb မဟုတ်တော့ဘဲ passive verb သဏ္ဍာန်ဖြစ်ရပါမယ်။ ဒါကြောင့် အဖြေမှန်က be improved ဖြစ်ပါတယ်။

Question No. 1(B) ကတော့ **Answer each question in one sentence** ဖြစ်တယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်းငါးခုမေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲကအဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းကလိုအပ်တဲ့အဖြေက အကြောင်းအရာ(content)ရော၊ သဒ္ဒါ (grammar) ပါတိတိကျကျ မှန်မှန်ကန်ကန် ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ-စာပိုဒ်ထဲမှာ Nightmares usually occur towards dawn. လို့ပေးထားပြီး When do people usually have nightmares? လို့မေးရင် စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်း ပြန်မကူးဘဲ People usually have nightmares towards dawn. လို့ မှန်မှန်ကန်ကန်ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းများကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားဖို့က ပိုအရေးကြီးပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလဲ မပြုကြဖို့သတိပေးချင်ပါတယ်။ မေးထားတာကို တိုက်ရိုက် ထိထိမိမိ ပြန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

<u>**မေးခွန်းနံပါတ်(၂)**</u> မှာ ပေးထားတဲ့မေးခွန်းကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it ဖြစ်ပါတယ်။ Cloze procedure မှာလည်း ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ရှစ်လုံးမြောက် စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း(၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလဲ စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီး တစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူများရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက် ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလဲ သတိပြုမိကြဖို့လိုပါတယ်။ ဥပမာအားဖြင့် capital letter နဲ့ရေးထားတာကို small letterနဲ့ ပြန်ရေးမိတာမျိုးမဖြစ်ဖို့၊ အနည်းကိန်း အများကိန်း မှားမသွားဖို့၊ plural number noun ဖြစ်ရမှာကို 's' ကျန်ခဲ့တာမျိုးမဖြစ်ဖို့ပေါ့။ ဒါကြောင့် စာလုံးကြီးနဲ့စာလုံးသေးကွဲပြားအောင် ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင် ပြန်ရေးဖို့လဲလိုပါတယ်။

Cloze procedure ဆိုတာက ကျောင်းသား၊ ကျောင်းသူတို့ရဲ့ reading skill ဆိုတဲ့ စာဖတ်ပြီးနားလည်နိုင်မှုစွမ်းရည်နဲ့ grammar ဆိုတဲ့ ဘာသာစကားရဲ့ သဒ္ဒါကျွမ်းကျင်ပိုင်နိုင်မှု အပိုင်းနှစ်ပိုင်းစလုံးကိုဆန်းစစ်လိုတာဖြစ်လို့ passages တွေကို အလွတ်ကျက်ဖို့ထက် passages တွေကို နားလည်ပြီး grammar မှန်မှန်နဲ့ အဓိပ္ပာယ်ရှိတဲ့ sentences တွေဖြစ်အောင် မေးထားတဲ့ blanks တွေမှာပေးထားတဲ့ words တွေကို ဖြည့်နိုင်အောင်ကြိုးစားရမယ်။

<u>**မေးခွန်းနံပါတ်(၃)**</u> ကတော့ ကျောင်းသား၊ ကျောင်းသူတို့ရဲ့ မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးသည့် မေးခွန်းပုံစံဖြစ်တယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့မေးမှာဖြစ်တယ်။ Item (၁၀)ခုမေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ကွက်လပ်ငါးခုက text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ်ငါးခုကတော့ ကဗျာခုနစ်ပုဒ်ထဲက ကောက်နုတ်ချက်တွေဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူများရဲ့သင်ယူထားတဲ့ အချက်အလက်တွေကို နားလည်မှတ်သားနိုင်မှုစွမ်းရည်ရှိ၊ မရှိကို စစ်ဆေးတာဖြစ်တယ်။ ကဗျာအပိုင်းမှာ ဘယ်အမှားမျိုးကိုမှ လက်မခံပါဘူး။ တိတိကျကျပြန်လည်ဖော်ပြတာကိုပဲလိုချင်တဲ့အတွက် စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးထဲ ဖြည့်ရတာရှိသလို စကားစု ဖြည့်ရတာမျိုးလဲရှိတာကို သတိပြုဖို့လိုပါတယ်။ နမူနာပြရမယ်ဆိုရင် 1.Watches are often put into beautiful---. 2. Grandfather clocks are very much--- again today. 3. What does he plant who plants a tree? He plants the friend of ---; ဆိုတဲ့ မေးခွန်းတွေကိုကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ watchcasesဆိုတဲ့ စကားလုံးတစ်လုံးထဲလိုပေမယ့် နံပါတ်(၂) မှာတော့ in demandဆိုတဲ့ စကားလုံးနှစ်လုံး လိုမှာဖြစ်တယ်။ နံပါတ်(၃)မှာဆိုရင် အဖြေက sun and sky စာလုံးသုံးလုံး လိုမှာဖြစ်တယ်။ ဒါကြောင့် ကွက်လပ်တစ်ခုထဲရှိလို့ စကားလုံးတစ်လုံးတည်းပဲ ထည့်ရမယ်လို့ မှတ်လို့မရပါဘူး။

<u>**မေးခွန်းနံပါတ်(၄)**</u> ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်လေ့လာထားမှုရှိ၊ မရှိ စစ်ဆေးနိုင်ဖို့ မေးခွန်းငါးခု မေးထားပါတယ်။

မေးခွန်း နံပါတ်(၄)ရဲ့item(၁) နဲ့ item (၂) ကတော့ text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်မေးထားတာပဲဖြစ်တယ်။ ဒီမေးခွန်းနှစ်ခုလုံးမှာ choices ပေးထားပါတယ်။ OR ခံထားတဲ့ မေးခွန်းထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူများဟာ အချက် အလက်ရော သဒ္ဒါပါ မှန်ကန်တဲ့ အဖြေစာကြောင်းများနဲ့ ဖြေကြားရမှာ ဖြစ်ပါတယ်။ ဥပမာ IV. 1. What is the general purpose of a self-service store? (or) What kind of volcano is Mount Popa and where is it situated? လို့နံပါတ်(၁) မှာမေးတယ်ဆိုပါစို့။ ပထမမေးခွန်းကိုရွေးပြီးဖြေမယ်ဆိုရင် အဖြေက The general purpose of a self-service store is to provide goods of every description attractively and hygienically and in perfect condition. ဒုတိယမေးခွန်းကို ရွေးပြီးဖြေမယ် ဆိုရင်အဖြေက Mount Popa is an extinct volcano and it is situated 50 kilometres southeast of Bagan. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းမွန်မွန်ဖြေဆိုနိုင်ဖို့ Unit (၁၄)ခုစလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့လိုပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item(၃) နဲ့ item (၄) မှာမေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက ပထမတစ်မျိုးကတော့ Who said these words and to whom were they said? Which story are the words from? ဥပမာ

Who said these words and to whom were they said? Which story are the words from?

"She can't see or hear! My baby is blind and deaf."

အဖြေက Mrs Keller said these words to her husband, Mr Keller. The words are from "Helen Keller."သို့မဟုတ် နောက်တစ်မျိုးက Who said these words and to whom were they said? What do they mean? ဖြစ်တယ်။ ဥပမာ

Who said these words and to whom were they said? What do they mean?

Your time to dream. လို့မေးရင်အဖြေက Jim Bishop said these words to his mother/ Jenny Bishop. They mean that it was time for his mother to wear diamond earrings **as** she had been dreaming of wearing them for a long time.

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံနောက်တစ်မျိုးကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? အဲဒီ စာကြောင်းထဲမှာ it တို့ we တို့ they တို့ စသဖြင့် pronoun တွေပါခဲ့ရင် အဲဒါတွေဟာ ဘာကိုညွှန်းတယ် ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲဖော်ပြဖြေဆိုရမှာဖြစ်တယ်။ ဥပမာ

What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to?

Then as <u>his</u> final gift, the professor gave them a piece of advice. လို့မေးရင်အဖြေက

The title of the unit from which the sentence is taken is 'Too much knowledge maketh fools.' The word underlined in the sentence refers to 'the professor's.' လို့ဖြေရပါမယ်။ ဒါမှမဟုတ် နောက်တစ်မျိုးမေးနိုင်တာကတော့

What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the following sentence mean?

We can't have any peace and quiet unless we give her what she wants. လို့မေးလာရင် အဖြေက

The title of the unit from which the sentence is taken is Helen Keller. They mean that Helen Keller gave other family members/ her parents a lot of trouble if she did not get what she wanted. လို့ဖြေရပါမယ်၊ ဒီအဖြေက နမူနာအဖြေဖြစ်တယ်။ ဒီစာကြောင်းရဲ့ ဆိုလိုရင်းကို ပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။

What does the following sentence mean? ဆိုတဲ့ မေးခွန်းမှာ Unit (၁၄)ခုထဲက စာကြောင်း တစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ဆိုလိုရင်းကို မေးတာဖြစ်တယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

28-1 (15).pmd 1 1/28/2009, 2:36 AM

စာမျက်နှာ ၁၅ မှ

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item (၅)ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲဖြစ်တယ်။ What do these lines mean? လို့မေးမှာဖြစ် တယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေထဲက အဓိပ္ပာယ်ကို ကျေကျေညက်ညက် နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ဆိုလိုရင်းအဓိပ္ပာယ်ရော သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ

What do these lines mean?

What does he plant who plants a tree?

He plants the friend of sun and sky; ဆိုတဲ့ ကဗျာနှစ်ကြောင်းကို ပေးထားတယ်ဆိုပါစို့။အဲဒီကဗျာနှစ်ကြောင်းရဲ့ စကားပြေကိုပြန်တဲ့အခါ ဆိုလိုရင်း အဓိပ္ပာယ်ရော၊သဒ္ဒါရောမှန်ရပါမယ်။

<u>မေးခွန်းနံပါတ်(၅)</u>က မေးခွန်းနံပါတ်(၁) B လိုပဲ Unit(၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း ငါးခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကိုကျေကျေညက်ညက်ဖတ်ရမယ်။ အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ဝါကျတွေ တည်ဆောက်တတ်အောင်လဲ များများ လေ့ကျင့်ရပါမယ်။ ဒီမေးခွန်းတွေက နှစ်မှတ်တန်မေးခွန်းတွေဖြစ်လို့ မဖြေနိုင်ဘူးဆိုပြီးမဖြေဘဲမထားခဲ့ပါနဲ့။ အဖြေ တစ်ဝက်လောက်မှန်ရင်လည်း အမှတ်တစ်ဝက်လောက်ရပါတယ်။

<u>မေးခွန်းနံပါတ်(၆)</u> ကတော့ Punctuation နဲ့ဆိုင်တဲ့မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့မေးမှာဖြစ်တယ်။ capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန်သုံးစွဲတတ်မတတ်စစ်ဆေးမှာဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူများ လွယ်လွယ်ကူကူ ဖြေဆိုနိုင်ဖို့ ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေကို မေးလေ့ရှိပေမယ့် ပြဋ္ဌာန်းစာအုပ်ထဲမှာမပါတဲ့ ဝါကျတွေကိုလည်းမေးနိုင်တယ်။အဓိကကတော့ Punctuation ဆိုတာဘာလဲ၊ ဘယ်လိုသုံးရမလဲဆိုတာသိဖို့ အရေးကြီးတယ်။ သတိပေးချင် တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့မလိုပါဘူး။ လေ့ကျင့်ခန်းများများ လုပ်ပေးဖို့လို ပါတယ်။ ဥပမာအားဖြင့်ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံး တွေရဲ့ အစနဲ့အဆုံးမှာ inverted commas တွေသုံးဖို့သိပြီး ဖြစ်ရပါမယ်။ ဥပမာ စာကြောင်းတစ်ကြောင်း ကြည့်ရအောင် then annie said to the family please leave me alone with her ဒီစာကြောင်းကို ကြည့်ရင် စာကြောင်းအစက စကားလုံးဖြစ်တဲ့ then ကို Capital letter နဲ့ရေးရမှာဖြစ်လို့ then က Then ဖြစ်မယ်။ annie က လူနာမည်ဖြစ်လို့ Capital letter 'A' နဲ့ ရေးရမှာဖြစ်တယ်။ Annie ပြောတဲ့စကားက please leave me alone with her ဖြစ်လို့ Annie က ပြောတဲ့ စကားနဲ့အစမှာ open inverted commas (") ရှိပြီး သူပြောတဲ့စကားအဆုံးမှာ close inverted commas (") ရှိရပါမယ်။ Annie said to the family ဆိုတဲ့စကားပုဒ်ရဲ့နောက်မှာလည်း comma ရှိရပါမယ်။ နောက်ဆုံးစာကြောင်းရဲ့အဆုံးမှာ Annie ပြောတဲ့စကားဟာ အဆိုဝါကျဖြစ်လို့ full stop နဲ့အဆုံးသတ်ရပါမယ်။

<u>မေးခွန်းနံပါတ်(၇)</u>မှာ အပိုင်း နှစ်ပိုင်းပါဝင်ပါတယ်။

မေးခွန်းနံပါတ်(၇) ပထမပိုင်း VII A က Stylistic Transformation လို့ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given လို့မေးမှာဖြစ်တယ်။ ပေးထားတဲ့စာကြောင်း(၁၀)ကြောင်းကိုအဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ပြဋ္ဌာန်း စာအုပ်ထဲမှာ ဒီလိုအဓိပ္ပာယ် မပြောင်းလဲဘဲ တည်ဆောက်ပုံ မတူတဲ့ဝါကျတွေ ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေအများကြီးပေးထားတဲ့အတွက် အဲဒီ Grammar Exercise တွေများများ လုပ်ရင် ဒီအပိုင်းကို ကောင်းကောင်းဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကိုသုံးပြီး စာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုးမလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on:--- ဆိုပြီး ရွေးစရာနှစ်ပုဒ်ပေးပါမယ်။ ကိုယ်ပိုင်တဲ့ တစ်ပုဒ်ကိုရွေးပြီးရေးပါ။ မလိုတာတွေထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကိုသတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီးရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေတည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ Question VII B. ကို ဖြေတဲ့အခါမှာ ကျောင်းသား၊ ကျောင်းသူတော်တော်များများက အားနည်းတာကိုတွေ့ရတယ်။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ ဝါကျတွေဆောက်တတ်ဖို့လိုတယ်။ ဥပမာ The Moon အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

- moon - much smaller - earth
- no water - on moon လို့ ပေးထားတယ်ဆိုပါစို့။

moon - much smaller - earth ကို ပြန်ရေးရာမှာ The moon is much smaller than the earth လို့ပြန်ရေးတတ်ရမယ်။ အဲဒီဝါကျမှာ moon တို့ earth တို့ကို definite article "the" နဲ့သုံးရပါမယ်။ ပြီးတော့အဲဒီဝါကျမှာ verb မရှိသေးလို့ ထည့်ပေးရမယ်။ ဒါကြောင့် The moon is ဆိုတဲ့ verb လိုပါမယ်။ ပြီးတော့ smaller ဆိုတဲ့ comparative degree adjective သုံးထားတဲ့အတွက် than ဆိုတာမဖြစ်မနေ နောက်ကလိုက်ရပါမယ်။ ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင်ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a" တို့ "an" တို့ "the" တို့လိုရင် ထည့်ရမယ်။ ဒါကြောင့် The moon is much smaller than the earth လို့ပြန်ရေးတတ်ရမယ်။ verb to be ဖြစ်တဲ့ "am" တို့ "is" တို့ "are" တို့လိုရင် ထည့်ပေးရမယ်။

နောက်တစ်ကြောင်းကို ရေးရမယ်ဆိုရင် ပေးထားတဲ့ prompts တွေက no water – on moon လို့ပေးထားတယ်။ ဆိုလိုတာက လပေါ်မှာ ရေမရှိဘူးလို့ဆိုလိုတဲ့အတွက် ရှိခြင်း (existence) ကို ပြဖို့ There is သို့မဟုတ် There are လို့ရေးရမယ်။ ဒီမှာ subject က water ဖြစ်လို့ "is" ဆိုတဲ့ singular verb ကိုသုံးမယ်။ ဒါကြောင့် There is no water on the moon လို့ ပြန်ရေးရပါမယ်။ ပထမ ဝါကျမှာလိုပဲ moon ကို ပြန်ရေးရင် definite article "the" လိုပါတယ်။

<u>မေးခွန်းနံပါတ်(၈)</u>ကတော့ letter writing ဖြစ်ပါတယ်။ ဒီမေးခွန်းကိုဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ညွှန်ကြားချက်တွေကို သေသေချာချာ ဖတ်ဖို့ပဲဖြစ်တယ်။ ဒီနေရာမှာ-(၁)စာရေးမယ့်သူကဘယ်သူလဲဆိုတာ သိဖို့လိုပါတယ်။ (၂)ဘယ်သူ့ဆီကို ရေးရမလဲ ဆိုတာကြည့်ပါ။ (၃)ဘာအကြောင်းအရာရေးရမလဲဆိုတာ အရင်သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ တစ်ချက်လား နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှရေးဖို့ လိုပါတယ်။ ဥပမာ ဒီမေးခွန်းကိုကြည့်ကြရအောင်၊ You are Bo Bo. You live at No.1, Pagoda Road, Pyay. Write a Letter to your friend Aung Aung, who lives in Bago, telling him what physical exercise you do and what you eat to stay healthy. ဒီမေးခွန်းကိုကြည့်ရင် စာရေးမယ့်သူက Bo Bo ဖြစ်တယ်။ ဘယ်သူ့ဆီကိုရေးမလဲဆိုတော့ Aung Aung ဆီကိုရေးရမှာဖြစ်လို့ Dear Aung Aung လို့စရေးမယ်။ ပြီးတော့ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် telling him what exercise you do နဲ့ what you eat ဆိုတဲ့အကြောင်းအရာ နှစ်ချက်ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင်ရေးမှသာ အမှတ်ကောင်းကောင်းရမှာ ဖြစ်တယ်။ အလွတ်ကျက်ထားတဲ့စာတွေကို ရေးပေးလိုက်တာမျိုး မလုပ်ပါနဲ့။ ရေးရမယ့်အကြောင်းအရာကို မသိဘဲ အလွတ်ကျက်ထားတာအားလုံးချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်းမရနိုင်ပါဘူး၊ လိုရင်းအချက်အားလုံးပါမှ အမှတ်ကောင်းကောင်းရမယ်။

<u>မေးခွန်းနံပါတ်(၉)</u> ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ခေါင်းစဉ်သုံးခုထဲက ကြိုက်ရာ တစ်ခုကို ရေးရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ပေးစာတွေကို ကောင်းအောင် ရေးနိုင်ဖို့

(၁) Content- အချက်အလက်မှန်ကန်ပြည့်စုံခြင်းရှိရပါမယ်။ ရေးရမယ့်အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ဖို့ လိုပါတယ်။

(၂) Relevancy- သက်ဆိုင်မှုရှိခြင်း ရှိရပါမယ်။ မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာ ဖြစ်တယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးခဲ့ရင် သက်ဆိုင်မှု မရှိဘူးလို့ သတ်မှတ်လို့ အမှတ်မရနိုင်ဘူး။

(၃) Organization- ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း ၊ စာကိုယ်၊ နိဂုံးစသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(၄) Presentation- တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူဘဝင်ကျအောင် ဖွဲ့နွဲ့တင်ပြနိုင်ရပါမယ်။

(၅) Language- အသုံးအနှုန်း မှန်ကန်ခြင်းဖြစ်တယ်။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုးရေးတတ်ခြင်းတို့ ဖြစ်တယ်။

ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့စာတွေ၊ စာစီစာကုံးတွေကို တချို့ကျောင်းသားတွေရေးတာကို တွေ့ရပါတယ်။ ပေးစာများကို ငါးမျက်နှာ ခြောက်မျက်နှာလောက်ရေးခြင်း၊ စာစီစာကုံးကိုလည်း ၁၀မျက်နှာ ၁၂မျက်နှာလောက်ရေးပြီး ရေးတဲ့အကြောင်းအရာတွေ ကျစ်လျစ်ထိမိမှုမရှိတော့တာကို တွေ့ရပါတယ်။ အကြောင်းအရာတွေကို မနိုင်မနင်း အဆက်အစပ်မရှိဘဲ ထပ်ခါတလဲလဲရေးတာမျိုးကိုလည်း ရှောင်ကြဉ်ကြပါ။ မေးထားတဲ့အကြောင်းအရာက တစ်ချက်လား နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပါ။ ဥပမာ စာစီစာကုံးခေါင်းစဉ် Reading gives us knowledge as well as pleasure ရေးခိုင်းရာမှာ စာဖတ်ခြင်းဖြင့် အသိပညာ (knowledge) ရပုံရော၊ ပျော်ရွှင်မှု (pleasure) ရပုံ နှစ်မျိုးလုံးပါမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်တယ်။ အကြောင်းအရာတစ်မျိုးတည်းကိုပဲ ရေးပြီး ရေးခိုင်းတဲ့အကြောင်းအရာနှစ်မျိုးလုံးမပါဘူးဆိုရင် အမှတ်ကောင်းကောင်းမရနိုင်ပါဘူး။

နိဂုံးချုပ်အနေနဲ့ပြောချင်တာကတော့ ကျောင်းသား၊ကျောင်းသူအားလုံးဟာ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ unit (၁၄)ခုလုံးက စာပိုဒ် passagesတွေကို တစ်ခုမကျန် သေသေချာချာဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့ လေ့ကျင့်ခန်းတွေကိုများများပြုလုပ်ကြဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆို နိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင်ကြိုးစားဖို့ တိုက်တွန်းလိုပါတယ်။ ဒါမှတက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်တယ်။ အပတ်တကုတ်ကြိုးစားအားထုတ်ကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေအားလုံး အောင်ပန်းဆွတ်ခူးနိုင်ကြပါစေ။

အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ၅၃လမ်း၊ အမှတ်-၁၁၊ ရှစ်လွှာနေ ဒေါ်သန်းသန်း ၁၂/ပဘတ(နိုင်)၀၁၉၀၇၇ (ခင်ပွန်းဦးပန်းဒီ၏ ကိုယ်စားလှယ်စာရရှိသူ)က အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ခင်ပွန်းဖြစ်သူ ဦးပန်းဒီ (BTHG-၀၁၇၂၈)က အစ်ကိုဖြစ်သူ ဦးမန်းနီး(ခ) ဦးရဲဝင်း ၁၂/ဗတထ(နိုင်)၀၃၀၈၄၃ အမှတ်-၁၆၂၊ ၂၈လမ်း၊ (၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူထံမှ ဖခင်ဦးဘဲလူးဆာမိနာဒါ(ရ်)၏ အမွေပုံ အချိုးကျပေးအပ်ငွေကို လက်ခံရရှိပြီးဖြစ်သောကြောင့် ဦးပန်းဒီအနေဖြင့် အစ်ကိုဖြစ်သူ ဦးမန်းနီး(ခ)ဦးရဲဝင်းထံမှ ဖခင် ဦးဘဲလူးဆာမိနာဒါ(ရ်)၏ အမွေပုံနှင့်ပတ်သက်၍ ထပ်မံတောင်းဆိုပိုင်ခွင့်၊ အရေးဆိုပိုင်ခွင့်၊ တရားစွဲဆိုခွင့် အခွင့်အရေးများ မရှိတော့ကြောင်းနှင့် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၂၃၃/၀၇၏ အဆိုလွှာပါ ပစ္စည်းအရပ်ရပ်နှင့် ဖခင် ဦးဘဲလူးဆာမိနာဒါ(ရ်)နှင့် ဆက်နွှယ်သမျှပစ္စည်းအရပ်ရပ်ကို ဦးမန်းနီး(ခ)ဦးရဲဝင်း တစ်ဦးတည်းကသာ စီမံခန့်ခွဲပိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိပြီး ခင်ပွန်းဖြစ်သူ ဦးပန်းဒီနှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်း
၁၂/ပဘတ(နိုင်) ၀၁၉၀၇၇
ဦးပန်းဒီ၏ ကိုယ်စားလှယ်စာရရှိသူ။

ကျေးဇူးတင်လွှာ

ပဋ္ဌာပ၏သမီးငယ်လေးအား ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင်မွေးဖွားသန့်စင်ပေးခဲ့သော သားဖွားနှင့်မီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်ခင်လေးကြွယ် M.B.,B.S. M.Med.Sc (OG) MRCOG(UK), Dr.Med.Sc(OG)၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်အေးအေးသိန်း M.B.,B.S, D.C.H.M.Med.Sc (Paed), M.R.C.P(UK) MRCPCH(UK) နှင့် SSC WOMEN' S CENTRE မှ တာဝန်ကျ ဆရာဝန်များ၊ ဆရာမများနှင့် အခန်း(၇၀၄)မှ သူနာပြုဆရာမများအား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ဖေဖေ	-	**ဦးကျော်ကျော်(ပဋ္ဌာပအင်ဂျင်ဟက်စလစ်၊ ဘိုးရင်း၊ ကရိုင်းမရှင်း၊ စက်မှုလက်မှု)**
မေမေ	-	**ဒေါ်ချိုချို**
ကိုကိုကြီး	-	**အောင်ဇေယျာကျော်ကျော် Grade-5(J)TTC ပြည်လမ်း**
ကိုကိုငယ်	-	**မိုးမြတ်စည်သူကျော် စံပြမူကြို (မြန်မာနိုင်ငံပညာရေးသုတေသန)။**

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၇

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊(မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

ကြိုဆိုနှုတ်ဆက်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီးတို့ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလှည့်လည်ပတ်ရန် ရောက်ရှိနေသည့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ ညနေ၄နာရီ မိနစ် ၂၀တွင် နေပြည်တော်မှ လေကြောင်း

စာမျက်နှာ ၆ ကော်လံ ၁ ●

အခွံမာသီးနှံပင်တို့၏ အရွက်၊ ပင်စည်နှင့် အူတိုင်တို့မှ ဇီဝလောင်စာဆီထုတ်ယူနိုင်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

စပါး၊ ဂျုံ၊ ပြောင်း၊ လူး၊ ဆတ်စသည့် အခွံမာသီးနှံပင်တို့၏ အူတိုင်၊ ပင်စည်နှင့်အရွက်တို့မှ ဇီဝလောင်စာဆီထုတ်ယူနိုင်တော့မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ မီချီဂန်တက္ကသိုလ်မှသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

လေ့လာတွေ့ရှိ

အခွံမာ သီးနှံဖြစ်သည့် ပြောင်းဖူးမှ ဇီဝလောင်စာဆီ ထုတ်ယူနိုင်ခဲ့သည့်နောက်ပိုင်း သုတေသနပြုမှုများ ဆက်လက် ပြုလုပ်ခဲ့ရာမှ အခွံမာသီးနှံပင်များ၏ ဘေးထွက်ပစ္စည်းများမှလည်း ဇီဝလောင်စာ ထုတ်ယူနိုင်စွမ်းရှိကြောင်းကို လေ့လာတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐



အင်တာနက် ကျန်းမာရေး

ပန်းသီးဖျော်ရည်ပုံမှန်သောက်သုံးလျှင် အသက်အရွယ် ရလာသည့်အခါ အရေပြားတွန့်ခြင်းမှ ကာကွယ်နိုင်

ပန်းသီး ဖျော်ရည်ကို ပုံမှန်သောက်သုံးပေးပါက အသက်အရွယ်ရလာသည့်အခါ အသားအရေတွန့်ခြင်းနှင့် အယ်လ်ဇိုင်းမား ရောဂါဖြစ်ခြင်းတို့ကို ကာကွယ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်တစ်ရပ်၌ ဖော်ပြထားသည်။

ပန်းသီးဖျော်ရည်တွင် ပါဝင်သော ကယ်လ်ဆီယမ်ဓာတ် အပါအဝင် အခြားသော ဓာတ်ပေါင်းများက ခန္ဓာကိုယ် အရေပြားဆဲလ်များနှင့် တစ်သျှူးများကို အမြဲတမ်းသန်စွမ်းဖွံ့ဖြိုးရန် အထောက်အပံ့ပေးကြောင်း ၎င်းတို့က ပြောကြားသည်။ စာမျက်နှာ ၆ ကော်လံ ၁ ❖

ရေထွက်ပစ္စည်းနှင့်သီးနှံများ ဈေးကွက်သို့ အချိန်မီပို့ဆောင်ပေးနိုင်ရန် ဆောင်ကြဉ်းပေးနေသည့် ရခိုင်ပြည်နယ်မှ ဝန်ဖိုက်ချောင်းတံတား

သတင်းမှတ်စု - နန္ဒရီနှင့် အေးသန္တာသိန်း၊ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း၊ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ

ရန်ကုန် ဇန်နဝါရီ ၂၇

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာတွင် စီးပွားရေးနှင့် လူမှုရေးကဏ္ဍ၌ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ထိုသို့တိုးတက်စေရန် အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်ရမည်ဖြစ်သည့်အတွက် လမ်း၊တံတား၊ဆည်မြောင်း၊ တာတမံနှင့်ကျောင်းများ၊ ဆေးရုံဆေးခန်းများကို ပြည်သူများ၏လိုအပ်ချက်နှင့်အညီ နိုင်ငံတော်က ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။ စာမျက်နှာ ၆ ကော်လံ ၅ *

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာ (ရန်ကုန်တက္ကသိုလ်)သင်ခန်းစာကို ဖော်ပြထားပါသည်။